# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၃ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၂)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဩဂုတ် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၃/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၈၃/၂၀၁၀)
၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်)

**စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက)**
**UNITY AND DEMOCRACY PARTY OF KACHIN STATE(UDPKS) အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၁၁၄/၁၁၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) အား ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ ၂ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်(စဒက) UNITY AND DEMOCRACY PARTY OF KACHIN STATE(UDPKS)၏ မှတ်ပုံတင်အမှတ်မှာ (၄၀)ဖြစ်ပါသည်။

အမိန့်အရ
(ပုံ) ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

နေပြည်တော် ဩဂုတ် ၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီများအနက် စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် (စဒက)UNITY AND DEMOCRACY PARTY OF KACHIN STATE (UDPKS) သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ ခုနှစ် ဩဂုတ် ၂ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

**စိစစ်ဆောင်ရွက်**

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ (၄၆) ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားသည့် ပါတီ (၄၀)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့်ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
**၂-၈-၂၀၁၀**

| | |
|---|---|
| ညောင်ဦးမြို့ | ၂ ဒသမ ၈၇ လက်မ |
| လှိုင်လင်မြို့ | ၂ ဒသမ ၃၆ လက်မ |
| မိုးကုတ်မြို့ | ၂ ဒသမ ၀၀ လက်မ |
| ဟဲဟိုးမြို့ | ၁ ဒသမ ၀၆ လက်မ |

## ကိုယ်ဝန်ဆောင်များ အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းသော ရင်သွေးငယ်များမွေးဖွားရေး ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေးလအဖြစ်သတ်မှတ်ပြီး တစ်နိုင်ငံလုံးလွှမ်းခြုံမိအောင်ကျင်းပ

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၁၀ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမကြီး၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (ယာပုံ)

**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာမြဦး၊ ဒေါက်တာပိုင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ၊

*စာမျက်နှာ ၃ ကော်လံ ၁* *





မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဩဂုတ် ၃ ရက်)

# မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းလက်တွဲပါဝင်

ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၁၀ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

“အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ”ပြုလုပ်ရခြင်း၏ ယေဘုယျရည်မှန်းချက်သည် မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန် ဖြစ်သည်။

ဝိသေသရည်မှန်းချက်များအနေနှင့် အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ကျွေးရန်၊ ဗီတာမင်-အေဆေးလုံးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှုမြင့်မားနေသည့် အခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန်၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများ၊ မူလတန်းကျောင်းသားအရွယ်ကလေးများနှင့် ကိုယ်ဝန်သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်းလွှမ်းခြုံမှု မြင့်မားလာစေရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြားသောက်သုံးခြင်း၏ အကျိုးကျေးဇူးကို ပိုမိုနားလည်သဘောပေါက်လာစေရန်၊ ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် နို့တိုက်မိခင်များ ဗီတာမင်ဘီ-ဝမ်းချို့တဲ့မှုကိုသိရှိနားလည်ပြီး ဗီတာမင်ဘီ-ဝမ်းဆေးပြားများကို သောက်သုံးကြစေရန်၊ အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှုအရှိန်အဟုန်ကိုမြှင့်တင်ရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ ထွန်းကားလာစေရန်တို့ ဖြစ်သည်။

အာဟာရဖွံ့ဖြိုးရေးနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးလှုပ်ရှားမှုများအဖြစ် ပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့သည့်ရောဂါများပပျောက်ရေး ရက်သတ္တပတ်များဟူ၍သတ်မှတ်ပြီး တစ်နိုင်ငံလုံး ဆောင်ရွက်သွားမည် ဖြစ်သည်။

ဩဂုတ်လတစ်လလုံး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များသတ်မှတ်ပြီး ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များနှင့် အမျိုးသမီးများ၏ ကျန်းမာရေးနှင့် အာဟာရအခြေအနေ ပိုမိုမြင့်မားလာမည်ဖြစ်သည်။ မိခင်နို့စနစ်တကျတိုက်ကျွေးခြင်းဖြင့် ကလေးငယ်များတွင် ဖြစ်ပွားတတ်သည့် အာဟာရမပြည့်ဝခြင်း၊ ဝမ်းလျှောဝမ်းပျက်ဖြစ်ခြင်းစသည့် ပြဿနာများကို လျှော့နည်းကျဆင်းစေနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လုပ်ငန်းများ အောင်မြင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၃-၈-၂၀၁၀ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ အရှင်ဇနကာဘိဝံသထေရုပ္ပတ္တိ ဇနကဓွဲဖြင့် အောင်ပွဲဆီသို့ ခြိုးခြံနေထိုင်ကြိုးစားသည်
၇း၂၀ ၄။ ဓမ္မပူဇာတေး
၇း၂၅ ၅။ မျိုးချစ်တပ်မတော်
၇း၃၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၃၅ ၅။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅း၃၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးသောက်ကြယ်** (အပိုင်း-၆)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
၆း၄၀ ၁၅။ အကြင်နာလက်တစ်စုံ
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ်လှည်းကလေး** (အပိုင်း-၃၅)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ မွေးမြူသုတ
၂၂။ ဟာသရုပ်စုံ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၂)
၂၅။ Mini Series (အပိုင်း-၂)



### ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများ အောင်မြေသာစံမြို့နယ်ရှိ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ တိုင်းမှူးဗိုလ်ချုပ်တင်ငွေ တက်ရောက်

နေပြည်တော် ဩဂုတ် ၂

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၉ရက် နံနက်ပိုင်းက တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူးကလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်က သဃ်္ဃန်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြက ကျောင်းနေအရွယ်ကလေးများအား ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်စဉ်။** (၁၂၁)



### ဖဲကြိုးဖြတ်ဖွင့်လှစ်

တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇူလိုင် ၃၀ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတစ်ဦးက လမ်းသစ်ဖွင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် အောင်မြေသာစံမြို့နယ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) ဒုတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဩဂုတ် ၂

**ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်)၏ ဒုတိယအကြိမ် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၂၂ရက်က တက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာဒေါ်သီတာအောင်နှင့်အဖွဲ့ လာရောက်သွေးလက်ခံယူကြသည်။** (အောက်ပုံ)

### ပြောကြား

အဆိုပါသွေးလှူဒါန်းပွဲတွင် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာနိုင်ဝင်းက သွေးလှူဒါန်းပွဲ ကျင်းပရခြင်းအကြောင်းနှင့် ကိုယ်တွေ့သွေးလှူဒါန်းခြင်း အတွေ့အကြုံများကိုလည်းကောင်း၊ ဒေါက်တာဒေါ်သီတာအောင်က သွေးသွင်းကုသခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြပြီး သွေးလှူရှင်များကိုယ်စား ပထမနှစ်ဘွဲ့လွန်သင်တန်းကျောင်းသူ မဖြူသွဲ့စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် ရန်ကုန်မှ ပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဘွဲ့လွန်၊ဘွဲ့ကြို ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ စုစုပေါင်း ၅၉ဦးတို့က သွေးလှူဒါန်းကြသည်။

ထို့နောက် သွေးလှူဒါန်းပွဲတွင်ပြသထားသည့် သွေးလှူဒါန်းမှု မှတ်တမ်းဓာတ်ပုံများကို သွေးလှူရှင်များနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ **(ကျန်းမာရေး)**



# သထုံနှင့် ဘီးလင်းမြို့တို့ရှိ တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံများ

## အမှတ် (၂) စက်မှုဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂**

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၃၁ရက် မွန်းလွဲပိုင်းတွင် သထုံမြို့ရှိ အမှတ်(၁)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ၌ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး စက်ရုံမွမ်းမံပြုပြင်မှု စတင်ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ အသေးစိတ် စီမံဆောင်ရွက်သည်။

**ကြည့်ရှုစစ်ဆေး**

ဝန်ကြီးသည် ဩဂုတ် ၁ရက်တွင် ဘီးလင်းမြို့ရှိ အမှတ်(၂)တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ရောက်ရှိပြီး ထုတ်လုပ်မှုဆောင်ရွက်နေမှုများ၊ Quality Control အဆင့်ဆင့်ဆောင်ရွက်နေမှုများ၊ Laboratory ပစ္စည်းများအသုံးပြုမှုနှင့် Pressurized Rubber Hose စက်ရုံတည်ဆောက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရော်ဘာသင်တန်းခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တပ်ဆင်ထားပြီး စက်ကိရိယာများကို ကျွမ်းကျင်စွာ အသုံးပြုနိုင်အောင် ကြိုးပမ်းရန်၊ တီထွင်ကြံဆရန်၊ အလုပ်ကြိုးစား စေတနာထားရန်နှင့် စက်မှုနိုင်ငံတော်တည်ဆောက်ရေးရည်မှန်းချက်အပေါ် သန္နိဋ္ဌာန်စိတ် ပြင်းပြကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ဘီးလင်းမြို့ရှိ အမှတ် (၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ခရိုင်နှင့် ခရိုင်အတွင်းရှိမြို့နယ်မှ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို မြန်မာနိုင်ငံ၌ ၂၀၀၃ ခုနှစ်ကစ၍ နှစ်စဉ် စက်တင်ဘာလ (ပထမပတ်)တွင် ကျင်းပခဲ့ရာမှ ၂၀၀၉ ခုနှစ်မှစ၍ ကိုယ်ဝန်ဆောင်များ အာဟာရပြည့်ဝ၍ ကျန်းမာသန်စွမ်းသော ရင်သွေးငယ်များ မွေးဖွားလာရေး၊ ငါးနှစ်အောက်ကလေးများ အာဟာရပြည့်ဝ၍ ပုံမှန်ကြီးထွားဖွံ့ဖြိုးစေရန် ရည်ရွယ်လျက် ဩဂုတ်လကို အာဟာရဖွံ့ဖြိုးရေးလအဖြစ်သတ်မှတ်၍ တစ်နိုင်ငံလုံး လွှမ်းခြုံမိအောင် ကျင်းပခဲ့ကြောင်း။

**ပူးပေါင်းပါဝင်**

ကျန်းမာရေး ဝန်ထမ်းများအပြင် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများကလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြဖို့ တိုက်တွန်းမှာကြားလိုပါကြောင်း။

ဆေးတိုက်ကျွေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများက မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အရန်သားဖွားဆရာမများ၊ လူထုကျန်းမာရေးလုပ်သားများ၊ ကျေးရွာ/ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပူးပေါင်း၍ လူထုလှုပ်ရှားမှုအသွင်နှင့် စည်းရုံးဆောင်ရွက်ကြဖို့လိုအပ်ကြောင်း ပြောကြားသည်။

**ကူညီပံ့ပိုး**

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားထုပ်များ၊ အားဆေးများနှင့် အနှီးပိတ်များကို ကူညီပံ့ပိုးပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမကြီး၌ ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)နှင့် ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၏ လူမှုရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ အာဟာရနှင့် စပ်လျဉ်းသည့် ပညာပေးဟောပြောပွဲကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး(အာဟာရ) ဒေါက်တာ ဒေါ်အေးအေးသော်က "ကိုယ်ဝန်ဆောင်နှင့် မိခင်အာဟာရ" ခေါင်းစဉ်ဖြင့် ပညာပေးဟောပြောကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျောင်းကျန်းမာရေး သီတင်းပတ်လုပ်ငန်းများ

## ဆောင်ရွက်ရန်နှိုးဆော်

၂၀၁၀-၂၀၁၁ ပညာသင်နှစ်

ကျောင်းကျန်းမာရေး သီတင်းပတ်

၂၀၁၀ ခုနှစ်၊ ဩဂုတ်လ (၉)ရက်မှ (၁၄)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

**နေပြည်တော် ဩဂုတ် ၂**

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ၊ အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းလုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေးလက်တွေ့ဖွံ့ဖြိုးမှု လုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

**နှိုးဆော်ထား**

၂၀၁၀-၁၁ ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် ဩဂုတ် ၉ရက်မှ ၁၄ရက်အထိ သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးတွင် ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊ ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း စသည့်ကျောင်းကျန်းမာရေးလုပ်ငန်း (၅)ရပ်အပြင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အဖြစ် သန်ကောင်ရောဂါကာကွယ်ရေးနှင့် အာဟာရစောင့်ရှောက်ရေး လှုပ်ရှားမှုများကို ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ကျောင်းသား ကျောင်းသူတစ်ဦးချင်း၏ အသက်အရွယ်အလိုက် သတ်မှတ်ထားသည့် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ ပြည့်မီရေးအတွက် မိဘများနှင့် ပူးပေါင်းဖြည့်ဆည်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃-၈-၂၀၁၀ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ မေတ္တာသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **ဝိပဿနာအလုပ်ပေးတရား** (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၆)
- ၈း၃၀ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၂)
- ၉း၀၀ Activities in the City ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၉း၂၅ True Value (Your One Stop Solution Partner)
- ၉း၄၀ Cartoon Show Time (Hercules)
- ၁၀း၂၀ ရင်သပ်ရှုမောဖွယ်ရာ… အံ့သြသင့်ဖွယ်ရာ…စိတ်၏ ငြိမ်းချမ်းမှုများပေါင်းဆုံရာ
- ၁၀း၃၀ ပုဂံမှာတည်ရှိသည်
- ၁၀း၅၀ Sports Diary
- ၁၁း၁၅ Rainforest Homeland (အပိုင်း-၂)
- ၁၁း၄၀ သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
- ၁၂း၀၀ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးကင်းစကလေး ကျန်းမာရေးပညာပေး ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသိင်္ဂီမြင့်)
- ၁၂း၃၅ i Biz Service Provider မှကြီးမှူးကျင်းပသော အွန်လိုင်းပေါ်မှ (၂၀၁၀) ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနား
- ၁၂း၄၅ ရွှင်မြူးသီကြွေး ကဗျာတေး (ဥပုသ်စောင့်)
- ၁၂း၅၀ ရင်သပ်ရှုမောဖွယ်ရာ… အံ့သြသင့်ဖွယ်ရာ…စိတ်၏ ငြိမ်းချမ်းမှုများပေါင်းဆုံရာ
- ၁း၀၀ **ဝိပဿနာအလုပ်ပေးတရား** (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ World of Knowledge (Japanese Cowboy)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၆)
- ၄း၁၅ တေးဂီတအစီအစဉ်
- ၄း၃၀ ပုဂံမှာတည်ရှိသည်
- ၄း၅၀ မြန်မာနိုင်ငံကာယဗလ၊ ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd.တို့ ပူးပေါင်းကျင်းပသည့် Mr. Crusher/ Ms. Quenchကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ
- ၅း၁၀ True Value (Your One Stop Solution Partner)
- ၅း၂၅ Activities in the City ကျောက်ဆည်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ
- ၅း၄၀ Celebrity Style (နေခြည်လင်းလဲ့)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (Gallant Training Centre)
- ၆း၄၅ ရန်ကုန်မြင်ကွင်းကျယ် (Casubella Great Sales)
- ၇း၀၅ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ရန်ပုံငွေ တေးဂီတဖျော်ဖြေပွဲ (အပိုင်း-၃)
- ၇း၄၅ i Biz Service Provider မှကြီးမှူးကျင်းပသော အွန်လိုင်းပေါ်မှ (၂၀၁၀) ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Cartoon Show Time (Hercules)
- ၉း၁၅ Celebrity Style (နေခြည်လင်းလဲ့)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၆)
- ၁၀း၀၀ Sunday Talk
- ၁၀း၄၅ Sports World
- ၁၁း၁၀ **မေတ္တာရောင်ပြန်** ဇေယျ၊ ဦးဝင်းမြင့်၊ စိုးမိုးကြည် [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
- ၁၁း၃၀ ပန်းပုပန်းချီ တုမမီအောင်လက်ရာစုံပေသည်…
- ၁၁း၄၀ ဖော်ရွေပျူငှာနွေးထွေးမှုများနှင့် Friendship Hotel
- ၁၁း၅၅ ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း၊ စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
- ၁၂း၀၀ လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
- ၁၂း၁၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# အထက (သရက်ချောင်း) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂**

တနင်္သာရီတိုင်း ထားဝယ်ခရိုင် သရက်ချောင်းမြို့ အထက(သရက်ချောင်း)၌ ၁၉၅၂ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၉ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက(သရက်ချောင်း)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်တက်ရောက်ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက မြတ်ဆရာပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီရုံးခန်း ဖုန်း-၀၅၉-၃၅၁၀၉၊ ဘဒ္ဒန္တသောဘိတ ဖုန်း-၀၉-၈၇၅၀၄၃၃၊ ဒေါက်တာစိုးသိန်း ဖုန်း-၀၅၉-၃၅၀၃၃၊ ဦးငွေဝင်း ဖုန်း- ၀၉-၈၇၄၀၆၇၃၊ ဦးထွန်းမင်း ဖုန်း- ၀၅၉-၃၅၀၇၃၊ ဦးမိုးဝေလွင် ဖုန်း-၀၉- ၈၇၄၁၉၆၃၊ ဦးစိုးထွေး ဖုန်း-၀၅၉-၃၅၀၆၂၊ ဦးအောင်စောလှ ဖုန်း-၀၅၉- ၂၃၁၅၅၊ ဦးအလန် ဖုန်း-၀၉-၈၇၄၁၈၇၈၊ ဦးလွင်နိုင်(ဖိုးသံလုံး) ဖုန်း-၀၉-၈၇၄၁၄၃၀ နှင့် ဒေါ်သန်းသန်းနွဲ့ ဖုန်း-၀၉-၈၇၂၀၈၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



# သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး

## ယူကလစ်စိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၂**

ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သည် ဇူလိုင် ၁၈ရက်က အင်္ဂပူမြို့နယ်ရှိ ကျွဲဇင်းကျေးရွာ၊ ကွင်းကောက်ကျေးရွာ၊ မကျီးပင်ကွင်းကျေးရွာ၊ မြန်အောင်မြို့နယ်ရှိ ဥယျာဉ်ကွင်းကျေးရွာ၊ စမ်းကြီးကျေးရွာ၊ ညောင်ခြေထောက်ကျေးရွာနှင့် ကြံခင်းမြို့နယ်ရှိ ကြာအင်းကျေးရွာ၊ ပေါက်နွယ်စမ်းကျေးရွာ၊ စပါးအိုးကျေးရွာတို့၌ ကျေးလက်အိမ်ရာ ထူထောင်ရေးအတွက် တစ်ရွာလျှင် တစ်ဧကစိုက်ပျိုးထားသော ယူကလစ်(သစ်မာ)ပင် စိုက်ခင်းများ၏ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၁၉ ရက်တွင် ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသော ဖြိုးစည်သူ အထူးကျွန်းစိုက်ခင်း၏ ရှင်သန်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း၊ ကြံခင်းမြို့နယ်အတွင်း စိုက်ပျိုးထားသော ပုဂ္ဂလိကကျွန်းစိုက်ခင်းများမှာ စိုက်ပျိုးရန် လျာထားချက် ဧက ၆၁၀၀ရှိသည့်အနက် ၂၀၀၇ ခုနှစ် မိုးရာသီမှ ဇူလိုင် ၁၅ ရက်ထိ စုစုပေါင်းဧက ၅၁၀၀ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကြည့်ရှုစစ်ဆေး**

**ဧရာဝတီတိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကြံခင်းမြို့နယ် ကြံခင်းကြိုးဝိုင်းအတွင်း စိုက်ပျိုးထားသော ဖြိုးစည်သူ ကျွန်းအထူးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

# ပြင်ဦးလွင် အထက (၃)သို့ ပရိုဂျက်တာလှူဒါန်း

**ပြင်ဦးလွင် ဩဂုတ် ၂**

ပြင်ဦးလွင်မြို့နေ ဗိုလ်မှူးမောင်လတ် (ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံလေ့ကျင့်ရေးစခန်း)မိသားစုက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းသို့ ပရိုဂျက်တာ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင် ၂၇ရက် နံနက် ၁၁နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ အလှူရှင် ဗိုလ်မှူးမောင်လတ် (ငြိမ်း)က ပရိုဂျက်တာ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် အလှူရှင် ဗိုလ်မှူးမောင်လတ် (ငြိမ်း)-ဒေါ်နန်းယဉ်ယဉ် (စိုးစံလေ့ကျင့်ရေးစခန်း)မိသားစုက ငွေကျပ် ၆၁၂၅၀၀၀တန်ဖိုးရှိ ပရိုဂျက်တာစက်ကို ပေးအပ်လှူဒါန်းရာ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိနှင့် ဆရာမ ဒေါ်တင်တင်ဝင်းတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ၂၀၅၀ပြည့်နှစ်၌ ကမ္ဘာ့ပြည်သူများအတွက် စားနပ်ရိက္ခာထုတ်လုပ်မှု
## သဘာဝသယံဇာတများ နည်းပါးမှုကြောင့် စိန်ခေါ်မှုဖြစ်လာနိုင်

ကင်ဘာရာ ဩဂုတ် ၂

**သဘာဝအရင်းအမြစ်များ တဖြည်းဖြည်းလျော့နည်းလာမှုကြောင့် လာမည့် ၂၀၅၀ပြည့်နှစ်တွင် ကမ္ဘာ့ပြည်သူများအတွက် စားနပ်ရိက္ခာ နှစ်ဆထုတ်လုပ်နိုင်မှုအရေးမှာ စိန်ခေါ်မှုများနှင့် ကြီးမားစွာရင်ဆိုင်ရနိုင်ကြောင်း သိပ္ပံပညာရှင်များက ဩဂုတ် ၂ရက်၌ ပြောကြားလိုက်သည်။**



ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့၌ ဩဂုတ် ၂ရက်က ကျင်းပသော (၁၉)ကြိမ်မြောက် ကမ္ဘာ့မြေဆီလွှာနှင့် စားနပ်ရိက္ခာဆိုင်ရာ သိပ္ပံပညာရှင်များ၏ ကွန်ဂရက်၌ အထက်ပါအတိုင်း သတိပေး ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းကွန်ဂရက်၌ ကမ္ဘာ့သိပ္ပံပညာရှင် ၁၈၀၀ ကျော် တက်ရောက်လျက်ရှိသည်။

**တိုးတက်**

ကမ္ဘာ့လူဦးရေသည် တိုးတက်လျက်ရှိရာ ၁၉၆၀ပြည့်နှစ်နှင့် ၁၉၈၅ခုနှစ်ကြားကာလ၌ ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှု နှစ်ဆတိုးမြှင့်ထုတ်လုပ်ခဲ့ရသည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ဒသမ ၂ဘီလီယံခန့်အထိ တိုးတက်လာမည်ဖြစ်ရာ စားနပ်ရိက္ခာထုတ်လုပ်မှုမှာ ယခုထက် နှစ်ဆတိုးမြှင့်ထုတ်လုပ်ရမည်ဖြစ်သည်။ သို့သော် မြေဆီလွှာပျက်စီးမှု၊ ရေအရင်းအမြစ်များလျော့နည်းလာမှု၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ နှစ်ဆထုတ်လုပ်နိုင်ရေးမှာ စိန်ခေါ်မှုဖြစ်လာနိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

## အာကာသယာဉ်စခန်း

**အအေးပေးစနစ် ရပ်ဆိုင်းသွားသည့်အတွက် ပြင်ဆင်မှုပြုလုပ်နေရသည့် နိုင်ငံတကာ အာကာသယာဉ်စခန်းကို ဩဂုတ် ၂ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

## တစ်နာရီလျှင် မိုင် ၂၀၀နီးပါး မောင်းနှင်နိုင်သောမော်တော်ကား

*ဂျီနီဗာ ဩဂုတ် ၂*

*နိုင်းဝမ်းအိတ်စပိုက်ဒါဟု အမည်ပေးထားသည့် လောင်စာစွမ်းအင် နှစ်မျိုးသုံးစွဲနိုင်သော မော်တော်ကားသစ်တစ်မျိုးကို အမေရိကန်နိုင်ငံရှိ ပေါစချီကုမ္ပဏီက အရေအတွက် အကန့်အသတ်ဖြင့် ထုတ်လုပ်ရောင်းချသွားရန် ကြေညာလိုက်သည်။* ***(အောက်ပုံ)***

***မောင်းနှင်အသုံးပြုနိုင်***

*အဆိုပါ မော်တော်ကားသည် ဓာတ်ဆီအင်ဂျင်နှင့် အီလက်ထရွန်နစ်အင်ဂျင်တို့ ပါဝင်ပြီး လောင်စာစွမ်းအင် နှစ်မျိုးစလုံးဖြင့် မောင်းနှင်အသုံးပြုနိုင်ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ ထိုမော်တော်ကားအမျိုးအစားသစ်သည် တစ်နာရီလျှင် မိုင် ၂၀၀နီးပါး မောင်းနှင်နိုင်ကြောင်း သိရသည်။*

***မကြာမီရောင်းချမည်***

*နိုင်းဝမ်းအိတ်စပိုက်ဒါ မော်တော်ယာဉ်တစ်စီးလျှင် ပေါင် ၄၀၀၀၀၀ ဖြင့် စီးရေ ၁၀၀၀ကျော် ထုတ်လုပ်လျက် မကြာမီ ရောင်းချမည်ဖြစ်ကြောင်း၊ ၎င်းကား၏ ဆီစားနှုန်းမှာ မိုင် ၁၀၀လျှင် ငါးလီတာအောက် ကုန်ကျနိုင်ကြောင်း ပေါစချီ မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီက ပြောကြားသည်။*

***(အင်တာနက်)***



## အာဖဂန်နစ္စတန်၌ စစ်ပွဲများအတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဇူလိုင်လအတွင်း ၆၃ဦးရှိ

ကဘူးလ် ဩဂုတ် ၂

အာဖဂန်နစ္စတန်၌ စစ်ပွဲများကြောင့် ဇူလိုင်လအတွင်း၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၆၃ဦးရှိသွားပြီဖြစ်ရာ အဆိုပါလအတွင်း သေဆုံးမှု မြင့်တက်လာခဲ့သည်ဟု စစ်ဘက်ဆိုင်ရာက ဇူလိုင် ၃၁ရက်က သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသ၌ ၂၄နာရီကျော်ကြာ ဖြစ်ပွားသည့် သီးခြားတိုက်ပွဲတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီးနောက် ဇွန်လအတွင်း သေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၆၀ထက် ကျော်လွန်သွားသည်ဟုဆိုသည်။

**သေဆုံးလျက်ရှိ**

၂၀၀၁ခုနှစ်က စတင်ကာ အာဖဂန်နစ္စတန်၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ကျူးကျော်ကတည်းက နိုင်ငံစုံတပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀ခန့်သေဆုံးခဲ့ရာ ယခုနှစ်အတွင်း နိုင်ငံစုံတပ်ဖွဲ့ဝင်ပေါင်း ၄၀၀ကျော် သေဆုံးခဲ့သည်။

**သုံးစွဲလျက်ရှိ**

အမေရိကန်၌ အလုပ်လက်မဲ့ပြဿနာများ မြင့်တက်လျက်ရှိနေစဉ်တွင် အမေရိကန်သမ္မတအိုဘားမားက အာဖဂန်နှင့် အီရတ်နိုင်ငံတို့အတွက် စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၃၇ဒသမသဘီလီယံ သုံးစွဲခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

**(အင်တာနက်)**

## အီဂျစ်နှင့်ဂါဇာနယ်စပ် ဥမင်လိုဏ်ပိတ်

ကိုင်ရို ဩဂုတ် ၂

အီဂျစ်နယ်စပ်နှင့် ဂါဇာမြို့တို့အား ဆက်သွယ်ဖောက်လုပ်ထားသော မြေအောက်ဥမင်လိုဏ်ခေါင်းတစ်ခုအား အီဂျစ် ရဲတပ်ဖွဲ့ဝင်တို့က ဩဂုတ် ၁ရက်၌ ပိတ်လိုက်ကြောင်း အီဂျစ်အရာရှိများက ပြောကြားသည်။

**ပိတ်ပင်**

အဆိုပါ ဥမင်လိုဏ်ခေါင်းသည် အီဂျစ်နိုင်ငံ ဂါဇာမြို့သို့ ကားငယ်များ မှောင်ခိုတင်ပို့သည့် လမ်းကြောင်းတစ်ခုဖြစ်နေကြောင်း သိရှိရသဖြင့် ဖြတ်သန်းသွားလာမှု ပိတ်ပင်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ ၎င်းဥမင်လိုဏ်ခေါင်းသည် အကျယ်ကိုးပေရှိကြောင်း၊ မော်တော်ယာဉ်ငယ်များနှင့် တိရစ္ဆာန်များ မှောင်ခိုတင်ပို့နေခြင်းဖြစ်၍ အီဂျစ်လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

## အဝလွန်ကလေးများအတွက် တရုတ်၌သင်တန်းဖွင့်

ပေကျင်း ဩဂုတ် ၂

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် အရှေ့မြောက်ပိုင်း ရှန်ယန်မြို့တွင်း အဝလွန်သောကလေးငယ်များ ကိုယ်အလေးချိန်လျှော့ချသည့် လေ့ကျင့်ရေးသင်တန်းတစ်ခု ဖွင့်ထားကြောင်း တရုတ်ကျန်းမာရေးအရာရှိများက ဩဂုတ် ၂ရက်၌ ပြောကြားသည်။ အဝလွန်ကလေးငယ်များ ကိုယ်အလေးချိန်လျှော့ချသည့် သင်တန်းသို့ တရုတ်မြို့ကြီးများမှလာရောက်ကြရာ စုစုပေါင်းကလေးငယ် ၁၀၀ကျော် ရှိသည်။

**သင်ကြားပြသ**

ကိုယ်အလေးချိန်လျှော့ချရန်အတွက် သင်တန်းကာလမှာ ရက်ပေါင်း ၂၀ဖြစ်ကြောင်း သိရသည်။ သင်တန်းကာလအတွင်း ကိုယ်လက်လှုပ်ရှားမှုများ၊ အားကစားနည်းများကို နေ့စဉ်ပြုလုပ်ရသည်။ ကလေးငယ်များ ကိုယ်အလေးချိန် လျှော့ချရေးသင်တန်းတွင် နည်းပြအဖြစ် ကျန်းမာရေးအရာရှိများနှင့် အားကစားအရာရှိများက သင်ကြားပြသပေးလျက်ရှိသည်။ **(အောက်ပုံ)** **(အင်တာနက်)**



## နောက်ဆုံးရ နိုင်ငံတကာသတင်းများ



မောင်ချစ်ကြည်-စုစည်းသည်

### အမေရိကန်၌ လေယာဉ်ပျက်ကျ

*အမေရိကန်နိုင်ငံ အလာစကားပြည်နယ် ဒီနာလီအမျိုးသားဥယျာဉ်အတွင်းသို့ ကုန်တင်လေယာဉ်တစ်စင်း ဩဂုတ် ၂ရက်က ပျက်ကျခဲ့ကြောင်း၊ လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းထုတ်ပြန်သည်။* ***(အောက်ပုံ)***



### ဂါဇာမြို့၌ ဗုံးပေါက်ကွဲ

*ပါလက်စတိုင်းရှိ ဂါဇာမြို့တွင် ဩဂုတ် ၂ရက် နံနက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၃၆ ဦးဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။*

### ပီရူးအလယ်ပိုင်း၌ အအေးလှိုင်းကျရောက်

*ပီရူးနိုင်ငံအလယ်ပိုင်းတွင် ဩဂုတ် ၂ရက်က အအေးလှိုင်းကျရောက်ခဲ့ရာ အပူချိန် ၈ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့ကြောင်း၊ အအေးဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရကြောင်း ပီရူးအရာရှိများက ပြောကြားသည်။*

### ကိုလံဘီယာက ဗင်နီဇွဲလားကို တိုက်ခိုက်မည်မဟုတ်

*ကိုလံဘီယာနယ်စပ်သို့ တပ်ဖွဲ့ဝင်များစေလွှတ်ခြင်းမှာ နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ရေးတို့အတွက်ဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံသို့ဝင်ရောက်တိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိကြောင်း ကိုလံဘီယာအရာရှိများက ဩဂုတ် ၂ရက်၌ ပြောကြားသည်။*

### အင်ဒိုနီးရှားကမ်းလွန်၌ ငလျင်လှုပ်

*အင်ဒိုနီးရှားနိုင်ငံ ဘတ်မန်ပြည်နယ် အရှေ့တောင်ပိုင်းကမ်းလွန်တွင် ဩဂုတ် ၂ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၂ ရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သော်လည်း ပျက်စီးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။*

### အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်

*ပါလက်စတိုင်းလက်နက်ကိုင်များက အစ္စရေးတောင်ပိုင်းရှိ အီလက်မြို့သို့ ဩဂုတ် ၂ရက် နံနက်က ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းထုတ်ပြန်သည်။*

### ပါကစ္စတန်သို့ တရုတ်က ငွေကြေးကူညီမည်

*ရေဘေးဒုက္ခကြုံတွေ့နေသော ပါကစ္စတန်ပြည်သူများအတွက် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈သန်း ကူညီထောက်ပံ့မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဩဂုတ် ၂ရက်၌ သတင်းထုတ်ပြန်သည်။*

### တူရကီအရှေ့တောင်ပိုင်း၌ မြေမြှုပ်မိုင်းပေါက်ကွဲ

*တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် ဩဂုတ် ၂ရက်က မြေမြှုပ်မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုမှာ ကာ့ဒ်သူပုန်များ၏ လက်ချက်ဖြစ်ကြောင်း တူရကီရဲတပ်ဖွဲ့က ပြောကြားသည်။*

### ပါရှန်ပင်လယ်ကွေ့သို့ အီရန်တပ်ဖွဲ့ဝင်များစေလွှတ်

*အီရန်နိုင်ငံ၏ ရေပြင်ပိုင်နက်ကာကွယ်ရေးနှင့် လုံခြုံရေးတို့အတွက် အီရန်တပ်ဖွဲ့ဝင်များကို ပါရှန်ပင်လယ်ကွေ့သို့ ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း အီရန်စစ်ဘက်က ဩဂုတ် ၂ရက်၌ ပြောကြားသည်။ ။*

(အင်တာနက်)

# တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း

## ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ဇူလိုင် ၃၁ရက် နံနက်ပိုင်းက တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း မိုင်တိုင်အမှတ်(၂၂/၃)အနီးရှိ လမ်းစခန်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ခံအင်ဂျင်နီယာများက လမ်းလုပ်ငန်း၊ တံတားလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ် (၂၂/၀)၌ တံတားဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်နေသော ငမိုးရိပ် ရေလွှဲမြောင်းတံတား တံတားတိုင်များ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ပြင်ဦးလွင်-မိုးကုတ် ကားလမ်းအသစ် ကျောက်ချောလမ်းဖောက်လုပ်မှု

## ဆောက်လုပ်ရေးဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်သည် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းအသစ် ၉၇မိုင် ၇ဖာလုံကို ကျောက်ချောလမ်းအဆင့်အထိ တာဝန်ယူဆောင်ရွက်မည့် လမ်းအထူးအဖွဲ့ တစ်ဖွဲ့၊ ခရိုင်အဖွဲ့တစ်ဖွဲ့နှင့် ကုမ္ပဏီလုပ်ငန်းရှင် ၁၀ဖွဲ့ စုစုပေါင်း ၁၂ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဇူလိုင် ၃၁ရက် နံနက် ၁၁နာရီက ပြင်ဦးလွင်ခရိုင် ရှင်းလင်းဆောင်၌ တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးက ပြင်ဦးလွင်-မိုးကုတ်ကားလမ်းအသစ်ကို သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် လူအင်အား၊ စက်ယန္တရားအင်အားအပြည့်ဖြင့် နေ့ညအဆိုင်းခွဲ၍ လုပ်ငန်းများဆောင်ရွက်ရန်၊ ကျောက်ချောလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်အထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် လုပ်ငန်းအပေါ် ဖိဖိစီးစီး စေတနာထားဆောင်ရွက်ကြရန် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်-မိုးကုတ် ကားလမ်းသစ်တစ်လျှောက်ရှိ မိုင်တိုင်အမှတ်(၉/၂)နှင့် (၉/၃)အကြား စက်ယန္တရားဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၁၀/၁)နှင့် (၁၀/၂)အကြား မြေသယ်ယာဉ်များဖြင့် မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုင်တိုင်အမှတ် (၁၀/၆) နှင့် (၁၀/၇)အကြား လမ်းချဲ့ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (အပေါ်ပုံ) (သတင်းစဉ်)

ဘီးလင်းမြို့နယ်အသင်း အကြိမ်(၃၀)မြောက် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ရက်က စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပရာ ဒေါက်တာစိုးမြင့်အောင် (လက်ရွေးစင်ဘောလုံးသမားဟောင်း) ၂၅နှစ်ပြည့်အားရည်စူး၍ ဘီးလင်းမြို့နယ်အသင်း ပညာရေးငွေပဒေသာပင်အတွက် ငွေကျပ် ၁၀သိန်းကို ဒေါက်တာဒေါ်သိန်းမြင့်အောင်က အသင်းဥက္ကဋ္ဌ ဦးခင်စိုးသို့ ပေးအပ်လှူဒါန်းစဉ်။

(၁၀၃)



# စစ်တွေမြို့ ဈေးကြီးဆိပ်ခံတံတားသစ်ဖွင့်

## ခရီးသွားပြည်သူများ အဆင်ပြေလုံခြုံချောမွေ့

စစ်တွေ ဩဂုတ် ၂

ခရီးသွားပြည်သူများ အဆင်ပြေလုံခြုံချောမွေ့စေရေးအတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် မြို့ပြအင်ဂျင်နီယာဌာနမှ တံတားပုံစံထုတ် ဆောက်လုပ်သည့် စစ်တွေမြို့ ဈေးကြီးဆိပ်ခံတံတားဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ရက်က အဆိုပါဆိပ်ခံတံတား၌ ကျင်းပရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးထွန်းငွေက ဈေးကြီးဆိပ်ခံတံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး စစ်တွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းဖြူနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပြည်နယ်ဆိပ်ကမ်းအရာရှိ ဦးထွန်းငွေတို့က ဈေးကြီးဆိပ်ခံတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (ဝဲပုံ) ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကုန်သည်ကြီးများအသင်း၊ ကုန်သွယ်စက်မှုလုပ်ငန်းရှင်များအသင်း၊ ပို့ဆောင်ရေးဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများနှင့် မြို့မိ မြို့ဖများ တက်ရောက်ကြသည်။ (၁၁၃)

# နေပြည်တော်မြန်မာ့အသံ

## ရေဒီယိုအစီအစဉ်

(ဗုဒ္ဓဟူးနေ့-နံနက်+နေ့လယ်+ည)

၄-၈-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း + ကြေညာချက်
၇း၀၅ တရားတော်
(မင်္ဂလသုတ်)
ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရတေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ထူးဆန်းထွေလာ ဤမြေကမ္ဘာ(၅၁)
နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ ဆိုကြပျော်ရွှင်တေးသံစဉ် တေးပဒေသာ
၁၂း၀၀ စံတော်ချိန် တေးပဒေသာ
၁၂း၂၅ ဇာတ်လမ်းပမာနားဆင်စရာ (လွန်းမတင်သည့်ကြိုး)
၁၂း၄၅ တေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ငါးနီတူခြောက်သုပ်နဲ့ မျှစ်ဆတ် ရွှေဖရုံညှန့်ဟင်းချို)
၁၇း၁၀ Current Song
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ တေးပဒေသာ
၁၇း၃၅ အင်္ဂလိပ်စာသုတပဒေသာ(၁၈)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၆၁)
၁၈း၂၀ ကျေးလက်ဇာတ်လမ်း
အချစ်ဖီလင်
၁၈း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၀၅ သံစဉ်တေးသွားမေတ္တာစကား နိုင်ငံရေးဦးတည်ချက်
၁၉း၁၅ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီ မိုးဒီ)
၁၉း၃၀ တေးပဒေသာ
၁၉း၄၀ ဝတ္ထုတိုခံစားမှု (အိမ်နီးချင်း)
၂၀း၀၀ ပြည်တွင်းသတင်း စီးပွားရေးဦးတည်ချက်
၂၀း၂၀ သူ့ခေတ်သူ့ခါတေးကမ္ဘာ
၂၀း၅၀ ကျန်းမာရေးရာသိကောင်းစရာ (မျက်စိကူးစက်နာရောဂါ) လူမှုရေးဦးတည်ချက်
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
၂၁း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

# မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ စွမ်းဆောင်မှု အရည်အသွေးမြှင့်သင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် IPPF / BMZ တို့ ပူးပေါင်းဆောင်ရွက်သည့် သားဖွားခန်းအခြေပြု မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာလုပ်ငန်း စွမ်းဆောင်မှု အရည်အသွေးမြှင့်သင်တန်း ဖွင့်ပွဲကို ဇူလိုင်၂၈ရက် နံနက် ၉နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားပြီး အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာက သားဖွားခန်း အခြေပြု မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေးမြှင့်သင်တန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသို့ စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင် သားဖွားခန်း ၁၅ခုမှ သင်တန်းသား ၄၅ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၈ရက်မှ ဩဂုတ် ၁ရက်အထိ သင်ကြားပို့ချပေးခဲ့သည်။ (သတင်းစဉ်)



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း

## ကျောက်ဆည်၌ အသိပညာပေး ဟောပြော

ကျောက်ဆည် ဩဂုတ် ၂

ကျောက်ဆည်ခရိုင် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ စီစဉ်မှုဖြင့်ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ရက် နံနက် ၉နာရီခွဲက နည်းပညာတက္ကသိုလ် (ကျောက်ဆည်) မလေးရှားခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်) ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာနေမျိုးထွန်းက အမှာစကားပြောကြားပြီး ကျောက်ဆည်ရဲစခန်း စခန်းမှူး ရဲအုပ်မောင်မောင်လတ်နှင့် ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးမာတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍ ခရိုင်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံး (ကျောက်ဆည်)မှ ခရိုင်ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့်က မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရမည့်စည်းကမ်းများ၊ လမ်းညွှန်အမှတ်အသား၊ အချက်ပြနှင့် ယာဉ်မတော်တဆဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။ (အပေါ်ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ကျိုင်းတုံ၌ဆောင်ရွက်
## တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုး လိုအပ်သည်များဖြည့်ဆည်းပေး

နေပြည်တော် ဩဂုတ် ၂

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဖြိုးသည် ဇူလိုင်၂၇ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့ စုပေါင်းလျှပ်စစ် အင်ဂျင်နီယာရုံးအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများ၏ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားသည်။**

ထို့နောက်တိုင်းမှူးသည် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား၌ တာဝန်ရှိသူတစ်ဦး၏ ဟောပြောနေမှုကို ကြည့်ရှုအားပေးပြီး အမှတ်(၂)ရပ်ကွက် ဒေသခံပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက်တိုင်းမှူးသည် ကျိုင်းတုံမြို့ နည်းပညာတက္ကသိုလ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှတ်တရသစ်ပင်စိုက်ပျိုးပေးကာ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းခန်းမ၌ ဆရာဆရာမများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ၂၀၀၉-၂၀၁၀ပညာသင်နှစ် တက္ကသိုလ်၊ တက္ကသိုလ်ဝင်တန်းပညာထူးချွန်ဆုနှင့် ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ဩဂုတ် ၁ရက် မွန်းလွဲ၁နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်အမှာစကားပြောကြားပြီး ပညာထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ ရဲရေးချုပ် ရဲမှူးချုပ်သိန်းတင့်၊ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်မိသားစုများနှင့် တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီး ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

### အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက အမှာစကားပြောကြားပြီး ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်အဆင့် ပညာထူးချွန်ဆုရသူနှစ်ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးငါးဘာသာဖြင့်အောင်မြင်သူနှစ်ဦး၊ ဂုဏ်ထူးသုံးဘာသာဖြင့် အောင်မြင်သူတစ်ဦး၊ ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်သူနှစ်ဦးတို့အား ပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)**

### ပေးအပ်ချီးမြှင့်

ထို့နောက် ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက ၂၀၀၉-၂၀၁၀ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သူငါးဦးတို့အား ပညာထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ပြီး ရဲရေးချုပ် ရဲမှူးချုပ်သိန်းတင့်က တက္ကသိုလ်ပညာသင်ရန် အခက်အခဲရှိသူ ၁၀ဦးနှင့် ဌာနအလိုက် ပညာသင်ထောက်ပံ့ငွေများကို ပေးအပ်သည်။

### ထောက်ပံ့ငွေပေးအပ်

အဆိုပါ ပညာထူးချွန်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်အနေဖြင့် ကျောင်းသား ကျောင်းသူ၈၅၇ဦးအတွက် ငွေကျပ် ၇၂၈၉၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# သတိပေးနှိုးဆော်ချက်

**ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးကို တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ် ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။**

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ



# ပြေးခုန်ပစ်အားကစားပစ္စည်းများ
## တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များသို့ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်သည် ဇူလိုင် ၃၁ရက် မွန်းလွဲပိုင်းက မန္တလေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန (အထက်မြန်မာပြည်) အောက်ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ ပြေးခုန်ပစ်အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကာ ပြေးခုန်ပစ် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

### တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် မြန်မာနိုင်ငံအားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပေးအပ်လှူဒါန်း

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးက တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၃၆သိန်းတန်ဖိုးရှိ ပြေးခုန်ပစ် အားကစားပစ္စည်းငါးမျိုးနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးထံ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပမည်ဖြစ်ရာ အသက် ၇၅နှစ်အထက် မိဘများနှင့် ၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများ အမည်စာရင်းကို ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ ဦးဇော်တင့် ဖုန်း-၀၉-၈၀၃၃၁၉၅၊ ဦးညွန့်ရွှေ ဖုန်း-၀၉-၅၁-၅၀၃၇၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၈၆၂၃၉၆၇၊ ဦးစိုးဝင်း ဖုန်း-၀၁-၂၉၈၈၀၆နှင့် ဦးသက်လွင် ဖုန်း-၀၉-၅၁၆၃၈၆၆ တို့သို့ စာရင်းပေးသွင်းကြပါရန် နှိုးဆော်ထားကြောင်းနှင့် ကျင်းပမည့်ရက်နှင့်နေရာကို ထပ်မံကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



# ကျောင်းသားဟောင်းများ လူမှုရေးအသင်းဖွဲ့စည်းခြင်း မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁)၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၂

မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၁) ယခင်(ကန်တော်ကလေးစတိတ်)၏ ကျောင်းသား ကျောင်းသူဟောင်းများ လူမှုရေးအသင်းဖွဲ့စည်းခြင်း အခမ်းအနားကို ဩဂုတ် ၁ရက်က အထက(၁) မြတ်မင်္ဂလာခန်းမ၌ကျင်းပရာ အငြိမ်းစား ဆရာကြီး ဦးအုန်းမြင့်၊ ဦးစိန်လွင်၊ ဦးကြည်နှင့် နာယကအဖွဲ့ဝင် ဒေါ်ခင်မြိုင်တို့က အမှာစကားပြောကြားသည်။

### ဖတ်ကြားရှင်းလင်း

အငြိမ်းစား ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ၏ သာရေးနာရေး၊ ပညာထူးချွန်ဆုပေးရေးတို့အတွက် လူမှုရေးအသင်း သင်းဖွဲ့စည်းမျဉ်းဥပဒေစည်းကမ်းများကို ကျောင်းသားဟောင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ဇော်မင်း(ငြိမ်း)က ဖတ်ကြားရှင်းလင်းသည်။

### လက်ခံယူ

၄င်းနောက် တာဝန်ပေးအပ်ခြင်းခံရသော ဥက္ကဋ္ဌ ဦးဇော်မင်း **(အပေါ်ပုံ)**နှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် ၂၉ဦး၏ အမည်စာရင်းကို အကျိုးဆောင်အတွင်းရေးမှူး ဦးဒေးဗစ်ထွန်းက ဖတ်ကြားအတည်ပြုချက်ရယူပြီး ကျောင်းသား ကျောင်းသူဟောင်းများက အကြံပြုဆွေးနွေးကာ လူမှုရေးအသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းက လက်ခံယူသည်။ **(၁၂၃)**

# ယခုအပတ်ထုတ် မြန်မာပို့စ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂

မြန်မာပို့စ်ဂျာနယ်အတွဲ-၂၊ အမှတ် ၂၉ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာပို့စ်ဂျာနယ်တွင် နိုင်ငံတစ်ဝန်းလုံး ငွေကြေးစီးဆင်းလည်ပတ်မှု မှန်ကန်မြန်ဆန်ရန်လိုအပ်၊ တစ်နိုင်ငံလုံးရှိ ဘဏ်များမှ စာရင်းဇယားများကို အထုတ်အသွင်းပြုလုပ်နိုင်တဲ့ Online Banking System ဆောင်ရွက်နေပြီ၊ သွင်းကုန်လိုင်စင်ကြေးများ ပေးသွင်းရာတွင် e-Payment စနစ်ကျင့်သုံး၊ မြန်မာနိုင်ငံသားများဘဏ်တိုးတက်အောင်မြင်လျက်ရှိပြီး အခြားပြည်တွင်းပုဂ္ဂလိကဘဏ်များနှင့် ယှဉ်ပြိုင်နိုင်သည်ဟုဆို၊ နေပြည်တော်တွင် ဘဏ်ရုံးချုပ် အဆောက်အအုံ၊ မူဆယ်စီးပွားရေးဇုန်တွင် ဘဏ်ရုံးခွဲ အဆောက်အအုံဆောက်လုပ်လျက်ရှိ၊ ဘဏ်ခွဲများကိုလည်း တိုးချဲ့ဖွင့်လှစ်သွားမည်၊ အိမ်ရာအဆောက်အအုံနှင့် နေထိုင်မှုပြပွဲ မြို့ကြီးများတွင်လည်း လုပ်သင့်၊ လူတိုင်း စီးပွားရေးကောင်းမွန်လာသည်နှင့်အမျှ အိမ်ရာနှင့်နေထိုင်မှုဘဝလည်း ပို၍ပို၍ ပြောင်းလဲခေတ်မီတိုးတက်နေမည်၊ မျက်နှာဖုံးသတင်းဆောင်းပါးများ၊ မြန်မာနိုင်ငံရာသီဥတုဆိုင်ရာ မေးခွန်းလေးခု ပြည်သူအများ သိချင်နေ၊ လာနီညာ ရာသီဥတုဖြစ်လာရင် ဘယ်လိုကြုံတွေ့ရမလဲ၊ ကင်ဆာကာကွယ်တိုက်ဖျက်ရာတွင် ဂျုံမြက်နုသည် အစွမ်းအထက်ဆုံးအပင်အဖြစ် ကမ္ဘာက အသိအမှတ်ပြု၊ ဂျုံမြက်နုဆေးအဖြစ် FAME ဆေးဝါးလုပ်ငန်းက ထုတ်လုပ်ဖြန့်ချိ၊ သတင်းဆောင်းပါးများနှင့် မောင်ဝံသ၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၊ မောင်ပုဆိုးကြမ်းတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။ ထို့အပြင် ၂၀၁၀ခုနှစ် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မောင်မောင်စိုး၏ စည်းရုံးလှုပ်ရှား နိုင်ငံရေးပါတီများ (ကရင်ပြည်သူ့ပါတီ) ဆောင်းပါးနှင့် ကရင်ပြည်သူ့ပါတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ -၂၊ အထွေထွေအတွင်းရေးမှူးတို့နှင့် တွေ့ဆုံခြင်းတို့ကို ဖော်ပြထားသည်။ ထို့အပြင် မြန်မာ့အခြေခံ အဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးရေး အိန္ဒိယကဒေါ်လာ ၁၃၆သန်းကူညီမည်၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၌ တရုတ်ကုမ္ပဏီများ လုပ်ကွက်အများဆုံးလုပ်ကိုင်၊ အဝေးပြေးလမ်း မိုင် ၇၉၀ကို ပုဂ္ဂလိက ကုမ္ပဏီခြောက်ခုက BOT စနစ်ဖြင့် လုပ်ကိုင်မည်၊ ပဲမျိုးစုံအထူးပြုကုမ္ပဏီများ ထူထောင်မည်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၌ အိန္ဒိယကုမ္ပဏီများက ဒေါ်လာတစ်ဘီလီယံနီးပါး ထပ်မံရင်းနှီးမြှုပ်နှံမည်၊ အမာမြို့နယ်၌ လေဆင်နှာမောင်း တိုက်ခတ်သဖြင့် လူနေအိမ်အချို့ ပြိုကျပျက်စီး၊ ဆဒုံးမြို့နှင့် မိုင်းယောင်းမြို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မြေပြိုမှု၊ တံတားပျက်မှုဖြစ်ပွားစသည့် စိတ်ဝင်စားဖွယ်ရာသတင်းများပါရှိသည်။ **(သတင်းစဉ်)**



**မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း လျှောက်လမ်းများ ခင်းခြင်းနှင့် ဈေးအတွင်းရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းကို ဇူလိုင် ၁၅ရက်က အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# ဒုတိယဝန်ကြီး ဦးလှသိန်းဆွေနှင့်အဖွဲ့ တရုတ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဩဂုတ် ၂

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာန၏ ဖိတ်ကြားချက်အရ ဇူလိုင်၂၆ရက်မှ ၂၉ရက်အထိ ကျင်းပသည့် ကော်ပိုရိတ်ငွေချေးစာချုပ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် Royalton Hotel Crown Hall ၌ ကျင်းပရာ အာရှနှင့်ပစိဖိတ်ဒေသတို့၏ ကော်ပိုရိတ်ငွေချေးစာချုပ် ဈေးကွက်အခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၂၇ ရက်တွင် ကော်ပိုရိတ် ငွေချေးစာချုပ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့် စည်းမျဉ်းဆိုင်ရာ မူဘောင်များ၊ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် ကော်ပိုရိတ်ငွေချေးစာချုပ်ဈေးကွက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော နိုင်ငံများ၌ ချမှတ်ကျင့်သုံးလျက်ရှိသော စနစ်များနှင့်စပ်လျဉ်း၍ လည်းကောင်း အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

## တွေ့ဆုံ

ဒုတိယဝန်ကြီးအား ရှန်ဟဲမြို့ရှိ O.C.B.C Bank ဒုတိယဥက္ကဋ္ဌ Mr. Ren Zhi Shui နှင့် အဖွဲ့သည် ဇူလိုင် ၂၅ ရက်တွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ နိုင်ငံပိုင်ဘဏ်များနှင့် O.C.B.C Bank တို့ ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ဒုတိယဝန်ကြီးသည် ဇူလိုင် ၂၇ ရက်တွင် အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Li Kouqing ၏ ဖိတ်ကြားချက်အရ Shanghai National Accounting Institute ဝင်းအတွင်းရှိ အာရှ-ပစိဖိတ် ဘဏ္ဍာရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ဗဟိုဌာနအဆောက်အအုံသို့လည်းကောင်း၊ ဇူလိုင် ၂၉ရက်တွင် ရှန်ဟိုင်းမြို့ ကမ္ဘာ့ကုန်စည်ပြပွဲသို့ လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၃၀ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိခင်နှင့်ကလေးကျန်းမာရေး တိုက်ကြီး၌ ဆွေးနွေး

တိုက်ကြီး ဩဂုတ် ၂

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင်၃၀ရက် နံနက် ၉နာရီက အခြေပြမျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် မိခင်နှင့်ကလေးကျန်းမာရေး မြှင့်တင်သူများအဖြစ် ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍ အသိပေးဆွေးနွေးပွဲကျင်းပရာ တိုင်းကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်းနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်သွေးတို့က အမှာစကားများပြောကြားပြီး ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန္ဒာက မိခင်နှင့်ကလေး ကျန်းမာရေးအတွက် လိုအပ်သောအရည်အချင်းများ၊ လုပ်ငန်းစဉ်များ၊ တာဝန်ဝတ္တရားများနှင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွှေကူမြို့ မြို့မဈေး မီးဘေးကာကွယ်ရေးသရုပ်ပြ



ရွှေကူ ဩဂုတ် ၂

ကချင်ပြည်နယ် ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်နှင့်အညီ ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက မီးသတ်ဆေးဘူး အသုံးပြုမှုကို လက်တွေ့ပြသရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီ၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲတပ်ဖွဲ့မှူး ရဲအုပ်သန်းဝင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်တိုးနှင့် ဈေးမိဈေးဖဥက္ကဋ္ဌဦးကျော်ဝင်းနှင့် ဈေးသူဈေးသားများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ဇူလိုင် ၇ရက်က မင်္ဂလာဈေးအရှေ့ဘက်တံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

❒ *ကျောဖုံးမှ*

ယခုအခါ မန္တလေးတိုင်း ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှစတင်၍ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်းကိုတိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းပခုံးများ မြှင့်တင်ခြင်း၊ ရာသီမရွေး သွားလာနိုင်ရေးအတွက် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ခြင်းတို့ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့များက အသီးသီးတာဝန်ခွဲဝေ၍ ၂၀၁၀ခုနှစ် ဇွန်လမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

## တွေ့ဆုံ

မိမိသတင်းအဖွဲ့သည် လမ်းအထူးအဖွဲ့(၁၃)မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းဇော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဒုတိယလက်ထောက်အင်ဂျင်နီယာ လမ်းအထူးအဖွဲ့(၁၃)မှ ဒေါ်မြတ်မြတ်သင်း လိုက်ပါလာပြီး နေပြည်တော်မှ စတင်ထွက်ခွာခဲ့ရာ ရမည်းသင်းခရိုင် ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးအဲဒီစင်နှင့် တွေ့ဆုံခဲ့သည်။

## စိုက်ပျိုးထား

ထို့နောက် ရမည်းသင်းခရိုင် အင်ဂျင်နီယာနှင့်အတူ ဆက်လက်၍ ပျော်ဘွယ်မြို့ နတ်မောက်လမ်းခွဲသို့ ရောက်ရှိသည်။ နတ်မောက်လမ်းခွဲသည် ရန်ကုန်-မန္တလေးကားလမ်းမကြီးမှ ခွဲထွက်လာခဲ့သော လမ်းဖြစ်ပြီး ၁၈ ပေကျယ် ကတ္တရာလမ်းဖြစ်သည်။ ပျော်ဘွယ်မြို့ မိုင် ၀/၀ မှ နတ်မောက်မြို့ အထိ ၆၂မိုင် ၄ဖာလုံ ဖြစ်၍ စုစုပေါင်း ပျော်ဘွယ်မှ မကွေးအထိ ၉၈မိုင် ၄ဖာလုံ ရှိသည်။ ပျော်ဘွယ်မှ ထွက်လာခဲ့ရာ လမ်းဘေးဝဲယာတွင် နှမ်း၊ ပဲ၊ ပြောင်း သီးနှံများ စိုက်ပျိုးထားကြသည့် မြေပြန့်လွင်ပြင်ကို တွေ့ရသည်။

ပျော်ဘွယ်မြို့ မိုင် ၀/၀မှ ၂၅မိုင် ၄ဖာလုံတွင် မန္တလေးတိုင်းနှင့် မကွေးတိုင်း နယ်ခြားဖြစ်ပြီး အဆိုပါနယ်ခြားမှ နတ်မောက်မြို့အထိ ၃၇မိုင်နှင့် နတ်မောက်မြို့မှ မကွေးအထိ ၃၆မိုင်ဖြစ်သည်။ ပဲခူးရိုးမကို ဖြတ်သန်း၍ ရေဝေကုန်းရိုး အတိုင်း အနိမ့်အမြင့်၊ အတက်အဆင်း အနည်းပါးဆုံးနေရာများအလိုက် လမ်းအူကြောင်း ရှာဖွေဖောက်လုပ်ထားသော လမ်းဖြစ်ပြီး မကွေးတိုင်း မကွေးမြို့နယ် ကန်ပြားရွာအထိ ၁၂ပေ ကတ္တရာလမ်းဖြစ်ကာ ကန်ပြားရွာမှ မကွေးမြို့အထိ ၁၈ပေ အကျယ် ကတ္တရာလမ်းဖြစ်သည်။

## တွေ့ရှိရ

ပျော်ဘွယ်-နတ်မောက်လမ်းမှာ ၁၉၆၄ခုနှစ်ကတည်းက ကျောက်လမ်းဖြစ်ခဲ့ကြောင်း ဝါရင့်ဆောက်လုပ်ရေး ဝန်ထမ်းတစ်ဦးက ပြောကြားသည်။ ထို့နောက် ၁၉၉၅-၉၆ခုနှစ်မှ စတင်ပြီး အဆင့်မြှင့်တင် ဖောက်လုပ်ခဲ့ရာ ကတ္တရာလမ်းအထိ ဖြစ်ထွန်းခဲ့သည်။ ထိုလမ်းတစ်လျှောက် လမ်းဘေးဝဲယာတွင် ပဲ၊ နှမ်း၊ ငရုတ်၊ ဝါ၊ ကြက်သွန်များ စိုက်ပျိုးကြသည်။ ရွာစဉ်များနှင့် ချောင်းခြောက်များ ပေါများသည်။ ကျားထူးချောင်း၊ မြို့ချောင်း၊ လေးအိမ်ချောင်း၊ ကျွဲမင်းကျချောင်း၊ ဝါးခုတ်ချောင်း၊ ရေယိုချောင်း တွေ့ရှိရသည်။

## သက်သာစွာသွားလာနိုင်

မကွေးသို့ သွားရောက်ပါက ယခင် ပျော်ဘွယ်-မိတ္ထီလာ၂၇မိုင်၊ မိတ္ထီလာ - ကျောက်ပန်းတောင်း ၆၅မိုင်၊ ကျောက်ပန်းတောင်း-မကွေး ၆၁မိုင် စုစုပေါင်း ၁၅၃မိုင်ခရီး ဖြစ်သော်လည်း ယခုအခါ ပျော်ဘွယ်မြို့မှ မကွေးမြို့အထိ ၉၈မိုင်ခရီးသာ ကွာဝေးတော့သည်ဖြစ်ရာ မိုင်ပေါင်း ၅၀ကျော် သက်သာစွာ သွားလာနိုင်ကြပြီဖြစ်သည်။

## သွားလာပြေးဆွဲ

လမ်းတစ်လျှောက်တွင် ကုန်တင်ကားများ၊ ခရီးသည်တင်အမြန်ယာဉ်များ၊ ကိုယ်ပိုင်ယာဉ်နှင့် ဌာနဆိုင်ရာကားငယ်ကလေးများ သွားလာပြေးဆွဲနေသည်ကိုတွေ့ရှိရသည်။စိုင်းကောင်းရွာအနီးတွင် အကွေ့အကောက်များ တွေ့ရှိရသည်။ လမ်းတစ်လျှောက်ရှိ ချောင်းခြောက်များတွင် တံတားများ မရှိသဖြင့် ရေကျလာလျှင် ချောင်းများကို ဖြတ်၍မရတော့ဘဲ ကမ်းဘေးတွင် ရေအကျကို စောင့်ဆိုင်းခဲ့ရသော အခက်အခဲများ၊ ခရီးကြန့်ကြာမှု ဖြစ်ခဲ့ကြရသည်။ သို့သော် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထိုအခက်အခဲများ ဖြေရှင်းနိုင်ရန် အဆိုပါလမ်း ၃၈မိုင် ၃ဖာလုံရှိ နဘူးကွဲချောင်း၊ ၄၈မိုင် ၂ဖာလုံအနီးရှိ မြို့ချောင်း၊ ၅၈မိုင် ၂ဖာလုံအနီး ကျွဲမင်းကျချောင်း၊ ၆၁မိုင် ၃ဖာလုံရှိ ဝါးခုတ်ချောင်းတို့တွင် ကွန်ကရစ်ရေကျော်များအဖြစ် တည်ဆောက်ရန် စီစဉ်နေသည်ဟု သိရသည်။

## တည်ဆောက်ရန်စီစဉ်

ရာသီမရွေး သွားလာနိုင်ရန်အတွက် လမ်းအဆင့်မြှင့်တင်ရေး စီမံချက်အရ မိုင် ၄၇/၂အနီး ကျားထူးချောင်းနှင့် မိုင် ၆၆/၃အနီး တည်ရှိနေသော ရေယိုချောင်းတို့ကို သံကူကွန်ကရစ် တံတားများအဖြစ် တည်ဆောက်ရန်စီစဉ်နေပြီဖြစ်သည်။

## ရေယိုချောင်း

ထို့နောက် ခရီးဆက်ခဲ့ရာ ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်း ၉၁မိုင် ၄ဖာလုံတွင် ပျော်ဘွယ်မှ ရန်အောင်ရွာအထိ ၇/၃မိုင်၊ ရန်အောင်မှ သဖန်းချောင်းအထိ ၁၄/၃-၄မိုင်၊ ရွာတော်ကျေးရွာအထိ ၂၅/၄မိုင်၊ စိုင်းကောင်းရွာသို့ ၃၅/၁ မိုင်၊ ထို့နောက် ၄၇/၀မိုင်တွင် ကျားထူးချောင်းကိုရောက်ပြီး ၄၈/၂ မိုင်တွင် မြို့ချောင်းရွာနှင့် ၄၈/၄မိုင်တွင် ရွာမွန်ရွာကို ရောက်သည်။ ထို့နောက် မိုင် ၅၀ကျော်တွင် ကျွဲကျချောင်းကို ဖြတ်ကျော်၍ ၆၁/၃မိုင်တွင် ဝါးခုတ်ချောင်းနှင့် ၆၂/၄ တွင် နတ်မောက်ကို ရောက်သည်။ ၆၆/၀တွင် ရေယိုချောင်းကို ရောက်ပြီးနောက် ၇၄/၁တွင် တိုင်းနယ်စပ်ကို ရောက်သည်။

## ကာကွယ်စောင့်ရှောက်

ထို့နောက် သတင်းအဖွဲ့သည် ကြာကန်ချောင်းကို ဖြတ်ကျော်၍ ၉၁/၄တွင် ကန်ပြားကို ရောက်သည်။ ကန်ပြားမှ မကွေးမြို့သို့ ကတ္တရာလမ်း အကျယ်ကြီး အတိုင်း ဝင်ရောက်လာခဲ့သည်။ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ ပြည်သူများ ခရီးတိုတောင်းစွာ ရာသီမရွေး သွားနိုင်သဖြင့် ပျော်ဘွယ်-ရွာမွန်- နတ်မောက်- ကန်ပြား လမ်းမကြီးကို လမ်းမကြီး ဝဲယာတွင် ရှိကြသော ဒေသခံပြည်သူများက အဆိုပါလမ်းမကြီး ထာဝရ တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားသင့်ပါကြောင်း တိုက်တွန်းရေးသား တင်ပြလိုက်ပါသည်။ ။



**ပျော်ဘွယ် - နတ်မောက် အကြား ကတ္တရာလမ်း ဖြောင့်ဖြူးနေသည့် လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။**

**ပျော်ဘွယ်မြို့မှ နတ်မောက်လမ်းတိုးချဲ့ခြင်း မြေကြီးလုပ်ငန်းများကို စက်ယန္တရားနှင့် လူအင်အားတို့ဖြင့် ဆောင်ရွက်ကြစဉ်။**



3-8 (07).pmd 1 8/3/2010, 2:39 AM

# ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ

ဥပဒေလေ့လ

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ခုနှစ်အတွင်း လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက ရွေးချယ်ကြတော့မည်ဖြစ်သည်။ ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကိုယ်စား နိုင်ငံတော် အချုပ်အခြာအာဏာ သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအား မိမိတို့၏ လွတ်လပ်သည့်ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည့် ဒီမိုကရေစီကျင့်စဉ်တစ်ခုပင် ဖြစ်ပါသည်။ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ညီညွတ်လျှင် မဲဆန္ဒပေးခြင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံခြင်းဟူသော ဒီမိုကရေစီ အခွင့်အရေးများကို မည်သူမဆို ကျင့်သုံးခွင့်ရှိပေသည်။

ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အား ကိုယ်စားပြု၍ မိမိတို့နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတာဝန်များကို ထမ်းရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးချယ်ကြခြင်းဖြစ်သဖြင့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်မည့် နိုင်ငံတိုင်းတွင် အထူးအမွန်အမြတ်ထားလေ့ရှိကြသည်။ ရွေးကောက်ပွဲကို နိုင်ငံတော်ဘဏ္ဍာ အမြောက်အမြားအကုန်အကျခံ၍ကျင်းပသည်။ ရွေးကောက်ပွဲကို တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်နှင့် အဆင့်ဆင့်သောကော်မရှင်အဖွဲ့ခွဲများကို ဖွဲ့စည်းတာဝန်ပေးအပ်သည်။ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကိုလည်း ဖွဲ့စည်းတာဝန်ပေးသည့်အပြင် ကျွမ်းကျင်မှုသင်တန်းများလည်း ပို့ချသည်။ ရွေးကောက်ပွဲလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းစောင့်ကြပ်ကြသည့်နည်းတူ နိုင်ငံ့ဝန်ထမ်း အသီးသီးကလည်း ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့ကျရာတာဝန်ကို ထမ်းရွက်ကြသည်။ ရွေးကောက်ပွဲကို အနှစ်သာရရှိရှိ၊ အေးအေးချမ်းချမ်း၊ အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးသည် နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ထောင်လိုသူတိုင်း၏ တူညီသောဆန္ဒပင် ဖြစ်သည်။

တစ်ဖက်တွင် နိုင်ငံတော်နှင့် ပြည်သူတို့က တည်ငြိမ်အေးချမ်းအောင်မြင်သော ရွေးကောက်ပွဲဖြစ်မြောက်ရန် ကြိုးပမ်းလေ့ရှိကြသော်လည်း အခြားတစ်ဖက်တွင် အကြောင်းအမျိုးမျိုးပြ၍ ရွေးကောက်ပွဲကို ဖျက်လိုဖျက်ဆီး ပြုလိုသူများ၏ အန္တရာယ်များနှင့်လည်း ကြုံတွေ့ရလေ့ရှိသည်။ သို့ဖြစ်ရာ ခေတ်အဆက်ဆက်တွင် ရွေးကောက်ပွဲအောင်မြင်စေရန်နှင့် ပြည်သူများ၏ ဒီမိုကရေစီအခွင့်အရေးများ ထိခိုက်နစ်နာမှုမရှိစေရန် လိုအပ်သောဥပဒေများ ပြဋ္ဌာန်းကျင့်သုံးခဲ့ရကြောင်း တွေ့ရှိရသည်။

**၁။ ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)ပြဋ္ဌာန်းချက်များ**

ပြစ်မှုဆိုင်ရာဥပဒေတွင် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၇၁-က။ ။ ဤအခန်းပါကိစ္စများအလို့ငှာ-

(က) ''အရွေးခံသူ''ဆိုသူမှာရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ်ဖြင့် အမည် တင်သွင်းခြင်းခံရသူကို ဆိုလိုသည်။

ထိုစကားရပ်၌၊ ရွေးကောက်ပွဲကျင်းပရန် စီစဉ်နေခိုက်တွင်၊ အရွေးခံသူအဖြစ်ဖြင့် ပါဝင်မည်ဟု ထုတ်ဖော်ပြောဆိုသော သူလည်း ပါဝင်သည်။ သို့ရာတွင် ထိုသူသည် ထိုသို့ ထုတ်ဖော်ပြောဆိုပြီးနောက် ရွေးကောက်ပွဲအတွက် အရွေးခံသူအဖြစ် အမည်တင်သွင်းခြင်းခံရသူဖြစ်ရမည်။

(ခ) ''ရွေးကောက်မှု အခွင့်အရေး'' ဆိုသည်မှာ ရွေးကောက်ပွဲတွင် အရွေးခံသူအဖြစ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် မပါဝင် မယှဉ်ပြိုင်ဘဲနေနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ်အရွေးခံသူအဖြစ်မှ နုတ်သိမ်းနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် ရွေးကောက်ပွဲတွင် မဲပေးနိုင်သော အခွင့်အရေး၊ သို့တည်းမဟုတ် မဲမပေးဘဲနေနိုင်သော အခွင့်အရေးကို ဆိုလိုသည်။

ပုဒ်မ ၁၇၁-ခ။ (၁) မည်သူမဆို-

(က) ရွေးကောက်မှု အခွင့်အရေးကို သုံးစွဲစေရန် တစ်ဦးတစ်ယောက်ကို သော်၎င်း၊ အခြားသူကိုသော်၎င်း သွေးဆောင်လိုသော ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ ထိုအခွင့်အရေးကို သုံးစွဲခဲ့သည့်အတွက် ဆုလာဘ်ပေးလိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ထိုသူအား တံစိုးပေးလျှင်၊ သို့တည်းမဟုတ်

(ခ) ထိုအခွင့်အရေးကို သုံးစွဲသည့်အတွက် ဆုလာဘ်အဖြစ်ဖြင့်၊ သို့တည်းမဟုတ် ထိုအခွင့်အရေးကို သုံးစွဲစေရန် အခြားသူတစ်ဦးကို သွေးဆောင်သည့်အတွက်၊ သို့တည်းမဟုတ် သွေးဆောင်ရန် အားထုတ်သည့်အတွက်၊ မိမိအဖို့ဖြစ်စေ၊ အခြားသူအဖို့ဖြစ်စေ တံစိုးကိုလက်ခံလျှင်၊ ထိုသူသည် လာဘ်ပေးယူမှု ကျူးလွန်သည်။ သို့ရာတွင် ပြည်သူ့ဆိုင်ရာဝါဒကို ကြေညာခြင်းသည်၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာလမ်းစဉ်ကို ကတိပြုခြင်းသည် ဤပုဒ်မအရ ပြစ်မှုကျူးလွန်ရာမရောက်။

(၂) တံစိုးပေးရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် သဘောတူလျှင်၊ သို့တည်းမဟုတ် တံစိုးကို သူတစ်ပါးရယူရန် ကမ်းလှမ်းလျှင်၊ သို့တည်းမဟုတ် အားထုတ်လျှင် ထိုသူသည် တံစိုးပေးသည်မည်၏။

(၃) တံစိုးကိုရယူလျှင်၊ သို့တည်းမဟုတ် လက်ခံရန် သဘောတူလျှင်၊ သို့တည်းမဟုတ် ရယူရန်အားထုတ်လျှင်၊ ထိုသူသည် တံစိုးကိုလက်ခံသည်မည်၏။ ပြုရန် မိမိ မကြံရွယ်သောကိစ္စအတွက် ပြုစေရန် ရည်ရွယ်ချက်အဖြစ်ဖြင့်ပေးသော တံစိုးကိုလက်ခံလျှင်၊ သို့တည်းမဟုတ် ကိစ္စတစ်ခုကို မိမိ မပြုခဲ့သော်လည်း ထိုကိစ္စအတွက် ဆုလာဘ်အဖြစ်ဖြင့် တံစိုးကိုလက်ခံလျှင် ထိုသူသည် တံစိုးကို ဆုလာဘ်အဖြစ်ဖြင့် လက်ခံသည်မည်၏။

ပုဒ်မ ၁၇၁-ဂ။ (၁) မည်သူမဆို၊ ရွေးကောက်ပွဲ တစ်ခုခု၌ ရွေးကောက်မှုအခွင့်အရေး လွတ်လပ်စွာ သုံးစွဲခြင်းကို မိမိအလိုအလျောက် နှောင့်ယှက်လျှင်၊ သို့တည်းမဟုတ် နှောင့်ယှက်ရန် မိမိအလိုအလျောက် အားထုတ်လျှင် ရွေးကောက်ပွဲ၌ မလျော်ဩဇာသုံးမှုကို ကျူးလွန်သည်။

(၂) ပုဒ်မခွဲ(၁)ပါ ပြဋ္ဌာန်းချက်များ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ မည်သူမဆို-

(က) အရွေးခံသူကိုသော်၎င်း၊ မဲဆန္ဒရှင်ကိုသော်၎င်း၊ အရွေးခံသူကဖြစ်စေ မဲဆန္ဒရှင်ကဖြစ်စေ၊ အကျိုးလိုလားသော သူကိုသော်၎င်း တစ်နည်းနည်းဖြင့် နစ်နာစေမည်ဟု ခြိမ်းခြောက်လျှင်၊ သို့တည်းမဟုတ်

(ခ) အရွေးခံရသူကိုသော်၎င်း၊ မဲဆန္ဒရှင်ကိုသော်၎င်း၊ အရွေးခံသူကဖြစ်စေ၊ မဲဆန္ဒရှင်ကဖြစ်စေ အကျိုးလိုလားသော သူကိုသော်၎င်း သက်ဆိုင်ရာ ဘာသာအယူဝါဒအရ အပြစ်ရောက်စေမည်ဟု ယုံကြည်အောင် ထိုအရွေးခံသူကိုဖြစ်စေ၊ ထိုမဲဆန္ဒရှင်ကိုဖြစ်စေ သွေးဆောင်လျှင်၊ သို့တည်းမဟုတ် ထိုသို့ သွေးဆောင်ရန် အားထုတ်လျှင် ထိုသူသည် ပုဒ်မခွဲ(၁)၏ အဓိပ္ပာယ်အရ ထိုအရွေးခံသူ၏၊ သို့တည်းမဟုတ် ထိုမဲဆန္ဒရှင်၏ ရွေးကောက်မှုအခွင့်အရေး လွတ်လပ်စွာ သုံးစွဲခြင်းကို နှောင့်ယှက်သည်ဟု မှတ်ယူရမည်။

(၃) ပြည်သူ့ဆိုင်ရာဝါဒကို ကြေညာခြင်းသည်၊ သို့တည်းမဟုတ် ပြည်သူ့ဆိုင်ရာ လမ်းစဉ်ကို ကတိပြုခြင်းသည်၊ သို့တည်းမဟုတ် ရွေးကောက်မှုအခွင့်အရေးကို နှောင့်ယှက်ရန်မကြံရွယ်ဘဲ တရားဝင် အခွင့်အရေး သုံးစွဲခြင်းသက်သက်သည် ဤပုဒ်မ၏ အဓိပ္ပာယ်အရ နှောင့်ယှက်ခြင်းဖြစ်သည်ဟု မမှတ်ယူရ။

ပုဒ်မ ၁၇၁-ဃ။ ရွေးကောက်ပွဲတွင် ရှင်သူတစ်ဦးဦး၏ အမည်နှင့်ဖြစ်စေ၊ သေသူတစ်ဦးဦး၏ အမည်နှင့်ဖြစ်စေ၊ ကြံစည်ဖန်တီးသော အမည်နှင့်ဖြစ်စေ မည်သူမဆို၊ မဲဆန္ဒ အမှတ်အသားကို တောင်းဆိုလျှင်၊ သို့တည်းမဟုတ် မဲပေးလျှင်၊ သို့တည်းမဟုတ် ရွေးကောက်ပွဲ၌ မဲတစ်ကြိမ်ပေးပြီးဖြစ်လျက်၊ ထိုရွေးကောက်ပွဲ၌ပင်
မဲဆန္ဒ အမှတ်အ…
တောင်းဆိုလျှင်၊ ထို…
တစ်ခုခုဖြင့် အခြာ…
ကူညီလျှင်၊ သို့တ…
ခြင်းကို ဖြစ်မြော…
မဟုတ် ဖြစ်မြော…
ထိုသူသည် ရွေး…
အယောင်ဆောင်မှု…

ပုဒ်မ ၁၇၁-င။ မည်သူမဆို၊ လာ…
လျှင်၊ ထိုသူကို …
တစ်မျိုးမျိုးဖြစ်စေ၊…
နှစ်ရပ်လုံးဖြစ်စေ …

ခြွင်းချက် ။ ။ သို့ရာတွင်၊ ပြုစုခြင်း…
ကျူးလွန်လျှင်၊ ငွေဒဏ်…
မည်။

ရှင်းလင်းချက် ။ ။ ''ပြုစုခြင်း'' ဆိုသည်…
ဖျော်ဖြေမှု၊ ရိက္ခာတစ်…
ပြုသော လာဘ်ပေးယူ…

ပုဒ်မ ၁၇၁-စ။ မည်သူမဆို၊ ရွေး…
ဩဇာသုံးမှုကို၊ သို့…
အယောင်ဆောင်မှု…
ကို တစ်နှစ်ထိ …
စေ၊ ငွေဒဏ်ဖြစ်စေ…
ချမှတ်ရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် ပါလီမ…
တစ်ရပ်ရပ်နှင့်စပ်လျဉ်…
ဆောင်မှု ကျူးလွန်လျှ…
အလုပ်ကြမ်းနှင့် ထော…
ငွေဒဏ်လည်း ချမှတ်…

ပုဒ်မ ၁၇၁-ဆ။ ရွေးကောက်ပွဲ၏ မဲ…
စေရန် အကြံဖြင့် …
နှင့်ဖြစ်စေ၊ အပြုအ…
မမှန်သည်လည်းဖြ…
မိမိသိသည်လည်းဖြ…
ယုံကြည်သည်လည်…
မဟုတ် မှန်သည်…
သည်လည်းဖြစ်သေ…
ချက်သဘောသို့ …
ချက်ကို မည်သူမ…
မဟုတ် ကြေညာ…
ချမှတ်ရမည်။

ပုဒ်မ ၁၇၁-ဇ။ အရွေးခံသူတစ်ဦး…
ကိုဖြစ်စေ၊ အထူးခွ…
ထိုသူအရွေးခံရခြင်း…
မဟုတ် ဖြစ်မြော…
တို့နှင့်ဆိုင်သော …
ကျင်းပပြုလုပ်သည…
ကြေညာသည့်အတ…
ပို့သည့်အတွက်သေ…
သည့်အတွက်သော်…
နည်းဖြင့် သော်၎င်…
ကျခံလျှင်၊ သို့တ…
အခွင့်ပြုလျှင်၊ ထို…
ချမှတ်ရမည်။

ခြွင်းချက် ။ ။ သို့ရာတွင်၊ တစ်ဦးတ…
အခွင့်ပြုစာမရရှိဘဲ ငွေ…
စရိတ်ကို ကျခံပြီးနေ…
ကျခံသည့်နေ့မှ ဆယ်…
စာဖြင့်ရေးသားသည့် …
လျှင်၊ ထိုသူသည် ထို…
ထိုစရိတ်များကို ကျခံ…

ပုဒ်မ ၁၇၁-ဈ။ တည်ဆဲဥပဒေတစ်…
ကဲ့သို့ပင် အာဏ…

**ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကိုယ်စား နိုင်ငံတော် အချုပ်အခြာအာဏာသုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များအား မိမိတို့၏ လွတ်လပ်သည့်ဆန္ဒနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည့် ဒီမိုကရေစီကျင့်စဉ်တစ်ခုပင် ဖြစ်ပါသည်။ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်ညီညွတ်လျှင် မဲဆန္ဒပေးခြင်း သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်ခံခြင်းဟူသော ဒီမိုကရေစီ အခွင့်အရေးများကို မည်သူမဆို ကျင့်သုံးခွင့်ရှိပေသည်။**

# ရေစီ

ဥပဒေလေ့လာသူတစ်ဦး

မဲဆန္ဒ အမှတ်အသားကို မိမိအမည်နှင့် တောင်းဆိုလျှင်၊ ထို့ပြင် ဆိုခဲ့သော နည်းလမ်းတစ်ခုခုဖြင့် အခြားသူမဲပေးခြင်းကို အားပေးကူညီလျှင်၊ သို့တည်းမဟုတ် ထိုသို့ မဲပေးခြင်းကို ဖြစ်မြောက်စေလျှင်၊ သို့တည်းမဟုတ် ဖြစ်မြောက်စေရန် အားထုတ်လျှင် ထိုသူသည် ရွေးကောက်ပွဲတွင် သူတစ်ပါးအယောင်ဆောင်မှုကို ကျူးလွန်သည်။

**ပုဒ်မ ၁၇၁-င။** မည်သူမဆို၊ လာဘ်ပေးယူမှုကို ကျူးလွန်လျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင်၊ ပြုစုခြင်းဖြင့် လာဘ်ပေးယူမှုကို ကျူးလွန်လျှင်၊ ငွေဒဏ်သက်သက်သာ ချမှတ်ရမည်။

**ရှင်းလင်းချက်** ။ ။ ''ပြုစုခြင်း'' ဆိုသည်မှာ အစား၊ အသောက်၊ ဖျော်ဖြေမှု၊ ရိက္ခာတစ်ခုခုဖြင့် တံစိုးအပေးအယူပြုသော လာဘ်ပေးယူမှုမျိုးကို ဆိုလိုသည်။

**ပုဒ်မ ၁၇၁-စ။** မည်သူမဆို၊ ရွေးကောက်ပွဲတွင် မလျော်သြဇာသုံးမှုကို၊ သို့တည်းမဟုတ် သူတစ်ပါးအယောင်ဆောင်မှုကို ကျူးလွန်လျှင်၊ ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍၊ သူတစ်ပါးအယောင်ဆောင်မှု ကျူးလွန်လျှင်၊ ထိုသူအား နှစ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၁၇၁-ဆ။** ရွေးကောက်ပွဲ၏ မဲရအခြေအနေကို ထိခိုက်စေရန် အကြံဖြင့် အရွေးခံရသူ၏ စာရိတ္တနှင့်ဖြစ်စေ၊ အပြုအမူနှင့်ဖြစ်စေ စပ်လျဉ်း၍ မမှန်သည်လည်းဖြစ်သည့်ပြင် မမှန်ကြောင်း မိမိသိသည်လည်းဖြစ်သော၊ သို့တည်းမဟုတ် ယုံကြည်သည်လည်းဖြစ်သော၊ သို့တည်းမဟုတ် မှန်သည်ဟု မိမိယုံကြည်ခြင်းမရှိသည်လည်းဖြစ်သော ကြောင်းခြင်းရာ ဖော်ပြချက်သဘောသို့ သက်ရောက်သည့် ဖော်ပြချက်ကို မည်သူမဆို၊ ပြုလျှင်၊ သို့တည်းမဟုတ် ကြေညာလျှင် ထိုသူကို ငွေဒဏ် ချမှတ်ရမည်။

**ပုဒ်မ ၁၇၁-ဇ။** အရွေးခံသူတစ်ဦး၏ ယေဘုယျ ခွင့်ပြုစာကိုဖြစ်စေ၊ အထူးခွင့်ပြုစာကိုဖြစ်စေ မရရှိဘဲ ထိုသူအရွေးခံရခြင်းကို အားပေးရန်၊ သို့တည်းမဟုတ် ဖြစ်မြောက်စေရန်အလို့ငှာ ပြည်သူတို့နှင့်ဆိုင်သော အစည်းအဝေးတစ်ရပ်ရပ် ကျင်းပပြုလုပ်သည့် အတွက်သော်၎င်း၊ ကြေညာသည့်အတွက်သော်၎င်း၊ ဖြန့်ချိစာပို့သည့်အတွက်သော်၎င်း၊ ပုံနှိပ်ထုတ်ဝေသည့်အတွက်သော်၎င်း၊ အခြားတစ်နည်းနည်းဖြင့်သော်၎င်း မည်သူမဆို၊ စရိတ်ကျခံလျှင်၊ သို့တည်းမဟုတ် စရိတ်ကျခံရန် အခွင့်ပြုလျှင်၊ ထိုသူကို ငါးရာထိ ငွေဒဏ် ချမှတ်ရမည်။

**ခြွင်းချက်** ။ ။ သို့ရာတွင်၊ တစ်ဦးတစ်ယောက်သောသူသည် အခွင့်ပြုစာမရရှိဘဲ ငွေတစ်ဆယ်ထက်မပိုသော စရိတ်ကို ကျခံပြီးနောက်၊ ထိုစရိတ်များကို ကျခံသည့်နေ့မှ ဆယ်ရက်အတွင်း အရွေးခံသူ၏ စာဖြင့်ရေးသားသည့် သဘောတူညီချက်ကို ရရှိလျှင်၊ ထိုသူသည် ထိုအရွေးခံသူ၏ ခွင့်ပြုစာဖြင့် ထိုစရိတ်များကို ကျခံသည်ဟု မှတ်ယူရမည်။

**ပုဒ်မ ၁၇၁-ဈ။** တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ဥပဒေကဲ့သို့ပင် အာဏာရှိသော နည်းဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ရွေးကောက်ပွဲတစ်ခုခု၌သော်၎င်း၊ ရွေးကောက်ပွဲတစ်ခုခုနှင့်စပ်လျဉ်း၍သော်၎င်း ကုန်ကျသောစရိတ်ကို ငွေစာရင်းပြုလုပ်ထားရှိရန် တာဝန်ရှိလျက်နှင့် ထိုငွေစာရင်းကို ပြုလုပ်ထားရှိရန် မည်သူမဆို၊ ပျက်ကွက်လျှင်၊ ထိုသူကို ငါးရာထိ ငွေဒဏ်ချမှတ်ရမည်။

**ပုဒ်မ ၁၇၁-ည။** မည်သူမဆို၊ မိမိကိုယ်တိုင်က သက်သေထင်ရှားပြရန် တာဝန်ရှိသော ဥပဒေနှင့်အညီ အပြစ်တွင် ကင်းလွတ်ခွင့်မရှိဘဲ ရွေးကောက်ပွဲအတွက် မဲပေးရာဖြစ်သော မဲရုံအတွင်း၌၊ မိမိ၏မဲကို ဥပဒေနှင့်အညီပေးရန်အလို့ငှာ မှတစ်ပါး မဲပြားတစ်ခုကို သို့တည်းမဟုတ် မဲလက်မှတ်တစ်ခုကို သို့တည်းမဟုတ် အရောင်တူ အတုပြုထားသော မဲပြား မဲလက်မှတ်တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ လက်ရှိထားလျှင်၊ သို့တည်းမဟုတ် ဆက်လက်ထားရှိလျှင်၊ သို့တည်းမဟုတ် အဆိုပါ မဲရုံအပြင်ဘက်၌ မဲပြားတစ်ခုကို၊ သို့တည်းမဟုတ် မဲလက်မှတ်တစ်ခုကို၊ သို့တည်းမဟုတ် အရောင်တူ အတုပြုထားသော မဲပြားလက်မှတ်တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ လက်ရှိထားလျှင်၊ ထိုသူအား နှစ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။'' ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

**၂။ နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေ**

အမျိုးသားညီလာခံ၏ လုပ်ငန်းများ ထိခိုက်ပျက်ပြားစေရန် နှောင့်ယှက်ဖျက်ဆီးခြင်း၊ အမျိုးသား ညီလာခံကို သေးသိမ်စေရန်လည်းကောင်း၊ ပြည်သူများ အထင်အမြင် လွဲမှားစေရန်လည်းကောင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်း စသည့် လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသည်ကို တွေ့ရှိရသဖြင့် ယင်းလုပ်ငန်းများသည် နိုင်ငံတော်တွင် စစ်မှန်သော၊ ပါတီစုံ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေး၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတို့ကို ဟန့်တားနှောင့်ယှက်ဆန့်ကျင်ရာ ရောက်သောကြောင့် ယင်းတို့ကို အကာအကွယ်ပေးရန်အတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ အထက်ပါဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ယခုအခါ အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီဖြစ်သော်လည်း နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေးနှင့် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတာဝန်နှစ်ရပ်ကို ဆက်လက်အကောင်အထည်ဖော်ဆဲဖြစ်သည်။ သို့ဖြစ်ရာ ယင်းကျန်ရှိသော လုပ်ငန်းတာဝန်နှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင်လည်း ယင်းဥပဒေ ပြဋ္ဌာန်းချက်များသည် ဆက်လက်အသက်ဝင် တည်တံ့ဆဲ ဖြစ်ပေသည်။

ယင်းဥပဒေတွင် တားမြစ်ချက်နှင့် ပြစ်ဒဏ်များကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

**ပုဒ်မ ၃။** မည်သူမဆို သို့မဟုတ် မည်သည့်အဖွဲ့အစည်းမဆို အောက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖောက်ဖျက် ကျူးလွန်ခြင်း မပြုရ-

(က) နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးတို့ကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ခ) အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေရန် လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာရေးကိုရှေးရှု၍ အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း သို့မဟုတ် ရေးသားဖြန့်ဝေခြင်း၊

(ဃ) တရားဝင် ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံ၏ လုပ်ငန်းများကို ဆောင်ရွက်ခြင်း သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း သို့မဟုတ် ရေးဆွဲဖြန့်ဝေခြင်း၊

(င) အထက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း။

**ပုဒ်မ ၄။** မည်သူမဆို ပုဒ်မ ၃ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး (၅)နှစ်မှ အများဆုံး (၂၀)နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

**ပုဒ်မ ၅။** ပုဒ်မ ၃ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို အဖွဲ့အစည်းတစ်ခုခုက ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခု၏ စီစဉ်ဆောင်ရွက်မှုဖြင့်သော်လည်းကောင်း၊ အားပေးကူညီမှုဖြင့်သော်လည်းကောင်း မည်သူမဆို ဖောက်ဖျက်ကျူးလွန်လျှင်ဖြစ်စေ ယင်းအဖွဲ့အစည်းကို-

(က) ကာလသတ်မှတ်၍ ရပ်ဆိုင်းထားနိုင်သည်၊

(ခ) ဖျက်သိမ်းနိုင်သည် သို့မဟုတ်

(ဂ) မတရားအသင်းများ ဥပဒေအရ မတရားအသင်းအဖြစ် ကြေညာနိုင်သည်။

**ပုဒ်မ ၆။** ပုဒ်မ ၅အရ အရေးယူခြင်းခံရသည့် အဖွဲ့အစည်းပိုင် ငွေကြေးနှင့် ပစ္စည်းအရပ်ရပ်ကိုလည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**ယင်းဥပဒေတွင် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ အကာအကွယ်ပေးရန်ဟူသော ရည်ရွယ်ချက် (၂)ရပ်ဖြင့် ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ယခုအခါ အမျိုးသားညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ပုဒ်မ ၃ (ဂ)နှင့် (ဃ)ပါ ပြဋ္ဌာန်းချက်များကို ငြိစွန်းနိုင်သော ဖြစ်ရပ်များ ပေါ်ပေါက်ရန် မရှိနိုင်တော့ပါ။ သို့သော် ပုဒ်မ ၃(က)၊ (ခ)နှင့် (င) တို့ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် ယင်းပြဋ္ဌာန်းချက်ပါ တားမြစ်ချက်များကို ငြိစွန်းသောဖြစ်ရပ်များ ပေါ်ပေါက်လာပါက ယင်းဥပဒေပုဒ်မ ၃(က)၊ (ခ)နှင့် (င)တို့အရ အရေးယူဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။**

၃။ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များကို ၁၉၇၃ခုနှစ်၊ ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင်လည်းကောင်း၊ ၁၉၇၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာဥပဒေတွင်လည်းကောင်း၊ ၁၉၈၉ခုနှစ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေတွင်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းခဲ့ကြောင်း တွေ့ရှိရပေသည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်)တွင် အခန်း ၉၊ ပုဒ်မ ၃၉၁မှ ပုဒ်မ ၄၀၃အထိ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းထားပြီး ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပေးထားသည်ကို တွေ့ရှိရပါသည်။ အလားတူ ၁၉၄၇ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်လည်းကောင်း၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ပေးထားခဲ့ကြောင်း တွေ့ရှိရပေသည်။

*(ဆက်လက်ဖော်ပြပါမည်)*

> ရွေးကောက်ပွဲလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ထိန်းသိမ်းစောင့်ကြပ်ကြသည့်နည်းတူ နိုင်ငံ့ဝန်ထမ်း အသီးသီးကလည်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် မိမိတို့ကျရာတာဝန်ကို ထမ်းရွက်ကြသည်။ ရွေးကောက်ပွဲကို အနှစ်သာရရှိရှိ အေးအေးချမ်းချမ်း၊ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးသည် နိုင်ငံတော်ကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော် အဖြစ် တည်ထောင်လိုသူတိုင်း၏ တူညီသော ဆန္ဒပင် ဖြစ်သည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပတ်ယွီချွမ်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

# ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့မှ ထွက်ခွာ

နေပြည်တော် ဩဂုတ် ၂

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ၌ အလည်အပတ်ခရီးရောက်ရှိနေသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ရက် နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။**

## အမြင်ချင်းဖလှယ်

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် ဧည့်သည်တော် နိုင်ငံခြားရေးဝန်ကြီး မစ္စတာပတ်ယွီချွမ်းနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

## ရောက်ရှိ

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၉ရက်တွင် ရန်ကုန်မြို့သို့ ရောက်ရှိပြီး ဇူလိုင် ၃၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော် လေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၂၉ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်နှင့် အမျိုးသားပြတိုက်သို့ လည်းကောင်း၊ ဇူလိုင် ၃၀ရက်တွင် နေပြည်တော်ရှိ ကျောက်မျက်ရတနာပြတိုက်သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

## လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပတ်ယွီချွမ်းနှင့်အဖွဲ့သည် ဇူလိုင် ၃၁ရက် နံနက် ၈နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြကာ ညနေပိုင်းတွင် ကန်တော်ကြီး သဘာဝဥယျာဉ်နှင့် ရန်ကုန်မြို့တွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဩဂုတ် ၁ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

၃-၈-၂၀၁၀ (အင်္ဂါနေ့)

(၁၃၇၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်) (ဥပုသ်နေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး- ဖိုးလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ International News
၈:၃၀ ၉။ Islands Of Dhamma (2)
၈:၄၀ ၁၀။ ဘဒ္ဒန္တဂုဏသန (အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ) ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက်၊ ကျိုက်ပိကျောင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၄:၃၀ ၄။ ရန်ကုန်တိုင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ ဆင့်မအကြိမ် ဓမ္မစကြာ ဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ကျောက်တန်း)၊ (အမျိုးသမီး ဝတ်ရွတ်အဖွဲ့)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာ၊ ရသစာပေ၊ အရှေ့တိုင်းပညာ အထူးပြုများ) (ဒဿနိကဗေဒ)
၅:၁၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၇။ တေးဂီတအစီအစဉ်
၅:၃၅ ၈။ **လေးဆူဓာတ်စုံ ရွှေစာရံ**
၅:၄၅ ၉။ ရင်မှာစွဲထင် တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာဆန်သူ...ကိုယ့်ချစ်သူ** (အပိုင်း-၅)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ပြည်ထောင်စုခရီးရှည် (ရာဇာဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး-မောင်မောင်ဇော်ဝင်း)
၁၉။ ရယ်စရာဟာသများ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့ အချစ်** (ဒုတိယတွဲ) (အပိုင်း-၁၅)
၂၁။ ရုပ်ရှင်ပဟေဠိ
၂၂။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

# အောက်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၃ရက် ညနေထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၂

၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

## ပေးအပ်ချီးမြှင့်

ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူများက အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသားနှင့် အမျိုးသမီးနှစ်ယောက်တွဲ၊ အမျိုးသမီး နှစ်ယောက်တွဲ၊ အမျိုးသမီး အသင်းလိုက်၊ အမျိုးသားအသင်းလိုက်၊ အမျိုးသားတစ်ဦးချင်းနှင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတို့တွင် ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါ်အေးအေးက အကောင်းဆုံး အမျိုးသမီး အားကစားသမားဆု ရရှိသော ဆွေဆွေဟန် (ရန်ကုန်တိုင်း)အား လည်းကောင်း၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်က အကောင်းဆုံး အမျိုးသားအားကစားသမားဆုရရှိသော အောင်ထွဋ်မှူး (ရန်ကုန်တိုင်း) အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

## ဆင့်ပွားဒိုင်း

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမျိုးသမီး တံခွန်စိုက်ဆုရရှိသော ရန်ကုန်တိုင်းအသင်းနှင့် အမျိုးသား တံခွန်စိုက်ဆုရရှိသော မွန်ပြည်နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုများနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)



# တံခွန်စိုက်ဆု ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား တံခွန်စိုက်ဆုရရှိသော မွန်ပြည်နယ်အသင်းအား ဆုချီးမြှင့်စဉ်။ (စားပွဲတင်တင်းနစ်အဖွဲ့ချုပ်)

# မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် သင်တန်းတက်ရန် မလေးရှားသို့ ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂

မလေးရှားနိုင်ငံ အမျိုးသမီးမိသားစုနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ NAM Institute for the Empowerment of Women(NIEW)ကကြီးမှူး၍ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂ရက်မှ ၈ရက်အထိ ဖွင့်လှစ်မည့် WOMEN AS GLOBAL ENTREPRENEURS သင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်ခင်မေလင်းသည် ဩဂုတ် ၁ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ၊ ဘဏ္ဍာရေးမှူး ဒေါ်တင်ရွှေနှင့် အလုပ်အမှုဆောင် ဒေါ်တင်နွယ်ဦးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဩဂုတ် ၂ရက်မှ ၈ရက်အထိ ဖွင့်လှစ်မည့် WOMEN AS GLOBAL ENTREPRENEURS သင်တန်းသို့ တက်ရောက်ရန်အတွက် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသော မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်ခင်မေလင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)

# ထူးကဲဒီရေတက်မည့်အကြောင်း သတိပေးချက် ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂

၂၀၁၀ခုနှစ် ဩဂုတ် ၉ရက်မှ ၁၅ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၄ ပေခန့်မှ ၂၁ ဒသမ ၈ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ယခင် ၂၀၀၈-၂၀၀၉ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ကျော်လွန်သဖြင့်သာ ထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (မန္တလေးဇုန်)
## အမျိုးသားဘော်လီဘောပြိုင်ပွဲဖွင့်၊ အသင်းများစတင်ယှဉ်ပြိုင်

နေပြည်တော် ဩဂုတ် ၂

ဉာဏ်ရည်မြင့်မား၍ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ ကျောင်းသား ကျောင်းသူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ စစ်မှန်သော အားကစားစိတ်ဓာတ် ပြည့်ဝစေရန်၊ တက္ကသိုလ်များတွင် ဘော်လီဘော အားကစားနည်းကို ပိုမိုရှင်သန်စေရန်နှင့် ထူးချွန်သော ဘော်လီဘောအားကစားသမားများ ပေါ်ထွက်လာစေရန် ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ (မန္တလေးဇုန်) အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ရက် နံနက် ၈နာရီခွဲတွင် မန္တလေးတက္ကသိုလ် အားကစားရုံ (Open Shed)၌ ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေနှင့် ပြိုင်ပွဲဝင် တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

**အနိုင်ရရှိ**

ရှေးဦးစွာ ပထမနေ့ အုပ်စုပတ်လည် အမှတ်ပေးပြိုင်ပွဲများကို အုပ်စုနှစ်စုခွဲ၍ Best of Five ၂၅မှတ်စနစ်ဖြင့် ယှဉ်ပြိုင်ကစားကြရာ အုပ်စု(က)မှ ရတနာပုံတက္ကသိုလ်အသင်းက မန္တလေးတက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ကျောက်ဆည် တက္ကသိုလ်အသင်းက မြစ်ကြီးနားတက္ကသိုလ်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အုပ်စု(ခ)မှ မိုးညှင်း ဒီဂရီကောလိပ်အသင်းက ဗန်းမော်တက္ကသိုလ်အသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

**ရွေးချယ်**

အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသားဘော်လီဘောပြိုင်ပွဲများကို တောင်ကြီးဇုန်၊ မုံရွာဇုန်နှင့် မကွေးဇုန်တို့တွင်လည်း ဩဂုတ် ၁ရက်မှ ၈ရက်အတွင်းကျင်းပ၍ ဇုန်အလိုက် လက်ရွေးစင်များ ရွေးချယ်လျက်ရှိသည်။

**ရွေးချယ်ဖွဲ့စည်း**

ထို့နောက် ဇုန်လေးဇုန်မှ အားကစားသမားများဖြင့် အထက်မြန်မာပြည် တက္ကသိုလ်များ လက်ရွေးစင် ဘော်လီဘောအသင်း နှစ်သင်းဖွဲ့စည်းကာ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်များ လက်ရွေးစင်ဘော်လီဘောအသင်းနှစ်သင်းနှင့် ဦးစီးဌာနအဆင့်ပြိုင်ပွဲများ ကျင်းပပြီး မြန်မာနိုင်ငံတက္ကသိုလ်များ လက်ရွေးစင် ဘော်လီဘောအသင်းကို ဆန်ခါတင် ရွေးချယ်ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းနောက် ၂၀၁၀ခုနှစ် ဒီဇင်ဘာတွင် ထိုင်းနိုင်ငံ ဇင်းမယ်မြို့၌ ကျင်းပမည့် (၁၅) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ထိပ်ဆုံးမှ ဦးဆောင်နေသည့် ရတနာပုံအသင်း။

# MNL အမှတ်ပေးပြိုင်ပွဲ ဒုတိယအကျော့ မြို့ကြီးလေးမြို့တွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များ ဇွန် ၁၄ ရက်က ပြီးဆုံးခဲ့ပြီး ပြိုင်ပွဲဝင်အသင်းများ၏ အပြောင်းအရွှေ့ ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ပြိုင်ပွဲကို ရပ်နားထားရာမှ ဩဂုတ် ၁၄ရက်တွင် ပြန်လည်ကျင်းပတော့မည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌သာ ကျင်းပခဲ့ရာမှ ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၁၄ရက်မှ နိုဝင်ဘာ ၇ရက်အထိ မြို့ကြီးလေးမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။

**ဒုတိယအကျော့**

ဒုတိယအကျော့ပွဲစဉ် ၅၅ပွဲကို ရန်ကုန်၊ မန္တလေး၊ တောင်ကြီးနှင့် မုံရွာမြို့တွင် ကျင်းပသွားမည်ဖြစ်သော်လည်း ကမ္ဘောဇတစ်သင်းတည်းသာ အိမ်ကွင်းဖြစ်သည့် တောင်ကြီးကွင်းတွင် ၁၀ပွဲစလုံး ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်၊ ရတနာပုံအသင်းနှင့် ဧယာရှွေမြေအသင်းတို့မှာ ဒုတိယအကျော့ပွဲစဉ်အချို့ကို အိမ်ကွင်းသာမက တခြားကွင်းများတွင်ပါ ကစားမည်ဖြစ်သည်။ ဧယာရှွေမြေအသင်း၏ အိမ်ကွင်းဖြစ်သည့် မုံရွာကွင်းမှာ မြက်ခင်းပြင်များ ပြုပြင်ရန်ရှိနေသဖြင့် ပွဲစဉ် ၁၈မှသာ ကျင်းပနိုင်မည်ဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ် ၅၅ပွဲအနက် သုဝဏ္ဏကွင်းတွင် ၂၈ပွဲ၊ တောင်ကြီးကွင်းတွင် ၁၄ပွဲ၊ ဗထူးကွင်းတွင် ရှစ်ပွဲနှင့် မုံရွာကွင်းတွင် ငါးပွဲ ကျင်းပသွားမည်ဖြစ်သည်။ **(အား/က)**

**ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)မှ ခရိုင် ဦးစီးမှူး ဦးမောင်မောင်ဆွေ ဇူလိုင် ၂၄ရက်က ရန်ကုန်တိုင်း မှော်ဘီမြို့နယ် နန်းဦးဘုန်းတော်ကြီးကျောင်း၌ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ယာဉ်မောင်းလိုင်စင် ဖြေဆိုသူ ၂၀၇ဦးအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း ပညာပေးဟောပြောစဉ်။** (ခရိုင် ကညန)

# ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းက ကြီးမှူး၍ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၇ရက်နှင့် ၈ရက်တို့တွင် နံနက် ၉နာရီမှ ညနေ ၄နာရီခွဲအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် (၂၉)ရှိ UMFCCI Office Tower ပထမထပ်ရှိ မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**ကျင်းပမည်**

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းနှင့် ပတ်သက်သည့် ပညာရှင်များ၊ စီးပွားရေးတက္ကသိုလ်မှ ပညာရှင်များ၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအစုအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းများရှိ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်းများရှိ ပဲ၊ ပြောင်း၊ နှမ်းကုန်စည်ဒိုင်များမှ ဥက္ကဋ္ဌများ တက်ရောက်၍ မြန်မာ့ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း နိုင်ငံတကာဖောင်ပိတ်သတင်း



## ရုရှားတောမီးလောင်မှု အရေးပေါ်အခြေအနေကြေညာ

မာစကော်(ရုရှား) ဩဂုတ် ၂

ရုရှားနိုင်ငံတွင် အပူလှိုင်းကျရောက်မှုကြောင့် တောမီးများ လောင်ကျွမ်းလျက်ရှိရာ အနည်းဆုံး ၃၄ ဦး သေဆုံးပြီးနောက် ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ဩဂုတ် ၂ ရက်တွင် ဒေသခုနစ်ခုသို့ ကယ်ဆယ်ရေးအတွက် အရေးပေါ် အခြေအနေ တစ်ရပ် ကြေညာလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဒေသအများအပြား၌ ထပ်မံမီးလောင်မှု အများစုကို မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ဒေသ ၁၄ခု၌ နေအိမ်များ ဆိုးရွားစွာ မီးလောင်ကျွမ်းခံရကြောင်း၊ နစ်နီနိုဂိုရော့၊ ဗိုရိုနက်နှင့် ရိုင်ယာဇန်ဒေသတို့မှာ အဆိုးရွားဆုံးဖြစ်ကြောင်း ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ကြေညာသည်။ **(အင်တာနက်)**

## ယူဂန္ဒာ၌ လှေမှောက်၍ သေဆုံးသူ ၅၀ကျော်ရှိလာ

ကမ်ပါလာ ဩဂုတ် ၂

ယူဂန္ဒာနိုင်ငံ အယ်လ်ဘတ် ရေအိုင်ကြီးအတွင်း ခရီးသည်တင် လှေတစ်စင်း တိမ်းမှောက်ခဲ့ရာ သေဆုံးသူ ၅၀ကျော်ရှိလာကြောင်း ယူဂန္ဒာရဲအဖွဲ့က ပြောကြားသည်။

အဆိုပါလှေမှာ ဇူလိုင် ၃၁ရက် ညနေပိုင်းက တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး လူ ၁၇ဦး၏ ရုပ်အလောင်းများကို ဆယ်ယူနိုင်ခဲ့ကြောင်း၊ လူ ၇၀နှင့် ၈၀အကြား လိုက်ပါခဲ့သော ယင်းလှေပေါ်တွင် အသက်ရှင်သူ ငါးဦးသာလျှင်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

➤ မြင့်မောင်စိုး - စုစည်းသည် ➤

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၂**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄ နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက တရားရုံးချုပ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဆ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၁၀ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော် လယ်ဝေးဘောလုံး အားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၃ ရက် ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ဇ)အုပ်စုမှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေး ဝန်ကြီးဌာနအသင်း၊ နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ ပညာရေးဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေး ဘောလုံး အားကစားပြိုင်ကွင်း၌ (ဃ)အုပ်စုမှ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂**

နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်၌ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ရက်က နေပြည်တော် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း ဆုနှင်းသဘင်ခန်းမ၌ ကျင်းပရာ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ခရိုင် ပညာရေးမှူးဦးစိုးလှိုင် တက်ရောက်သည်။

ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် သင်တန်းကိုစွဲဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းနှင့် စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒို့ကျေးရွာဂျာနယ်အတွဲ(၇)၊ အမှတ် (၁၅) ထွက်ပြီ

ရန်ကုန် ဩဂုတ် ၂

ဝါဆိုလ ကရကဋ်ရာသီ၏ ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့်အတူ ကျေးလက်နေပြည်သူတို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတအဖြာဖြာတို့ကို စုံလင်စွာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ (၇)၊ အမှတ် (၁၅)ကို ဩဂုတ် ၁ရက်တွင် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် စပါးမျိုးသန့်ရရှိရန်မှာ မျိုးကွဲနုတ်ပယ်ခြင်း အရေးပါ၊ စပါးစိုက်ပျိုးရာတွင် မြေဩဇာကို အကျိုးရှိစွာ အသုံးပြုပါ၊ နှမ်းသီးနှံအထွက်တိုးရန် နှမ်းရောဂါများကို ကြိုတင်ကာကွယ်ပါ၊ စိုက်ပျိုးရေ လေလွင့်မှုမရှိအောင် စနစ်တကျအသုံးပြုပါစသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ ဂေဟာစနစ်များ ပြောင်းလဲလာမှုနှင့် တစ်နိုင်မွေးမြူရေး၊ ဆိတ်မွေးမြူခြင်းအကြောင်း သိကောင်းစရာများ၊ ကြက်များ အပူဒဏ်သင့်မှုနှင့် ကာကွယ်ရန်နည်းလမ်းများ၊ ဝက်ငယ်များပြုစုစောင့်ရှောက်ခြင်းစသည့် မွေးမြူရေးဆောင်းပါးများ၊ ဆီးချိုရောဂါကို တွန်းလှန်ကျော်ဖြတ်ကြရာဝယ်၊ သက်ရှည်ကျန်းမာဖို့ မြင်းခွာရွက်ကို စားသုံးစို့၊ မိခင်နို့သာ အကောင်းဆုံးပါ၊ ဆေးဝါးအဆိပ်ဖြစ်မှု သတိပြု၊ စနစ်တကျရေသောက်ခြင်းစသည့် ကျန်းမာရေးဆောင်းပါးများ၊ အင်းလေးကန်ရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေး၊ တိုးတက်ဝေဆာ ပညာရှာစာကြည့်တိုက်၊ စာတတ်သူတိုင်းစာဖတ်ဖို့ စာကြည့်တိုက်များထူထောင်စို့ စသည့် အသိပညာပေးသုတ၊ ရသဆောင်းပါးများ၊ ယနေ့နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ ချစ်သူကိုမသာစေရ၊ မုန်းသူကိုမနာစေရ အတင်းအဖျင်းမရေး၊ သတင်းကိုသာရေးသင့်ကြပြီ နိုင်ငံရေးဆောင်းပါး၊ ကင်ညာနိုင်ငံအကြောင်းသိကောင်းစရာ၊ သုတေသနလုပ်ငန်းသုံးနျူကလီးယားဓာတ်ပေါင်းဖို ထပ်မံတည်ဆောက်ရန် အီရန်နိုင်ငံစီစဉ်လျက်ရှိ၊ အာရှသန်းကြွယ်သူဌေးများက ဥရောပသန်းကြွယ်သူဌေးများကို ကျော်တက်နိုင်စသည့် နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် အနုပညာတစ်ခုတည်းကိုပဲ စိတ်နှစ်ပြီးအကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်နေပါတယ်ဆိုတဲ့ ဝတ်မှုန်ရွှေရည်နှင့်တွေ့ဆုံခြင်းစသည့် အနုပညာသတင်းများ၊ အမေ အမောပြေနိုင်ပြီ ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၉၃၆နှင့် ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အကြိမ်(၂၀)မြောက် ဥရောပပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်စွဲသူများ

စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ | စာမျက်နှာဖွဲ့စည်းမှု - သက်နိုင်(မြန်မာ့အလင်း)

ဘာစီလိုနာ ဩဂုတ် ၂

အကြိမ်(၂၀)မြောက် ဥရောပပြေးခုန်ပစ်အားကစားပြိုင်ပွဲကို စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ဇူလိုင် ၂၇ရက်မှ ဩဂုတ် ၁ရက်အထိ ကျင်းပခဲ့ရာ ငါးရက်ကစားပြီးချိန်၌ ရုရှားပြေးခုန်ပစ်အားကစားသမားများက ရွှေ ရှစ်ခု၊ ငွေ ခြောက်ခု၊ ကြေး ခုနစ်ခုဖြင့် ပထမနေရာ၌ ရပ်တည်နေသည်။ ဗြိတိန်အားကစားအဖွဲ့က ရွှေ ခြောက်ဆု၊ ငွေ ခြောက်ဆု၊ ကြေး လေးဆုဖြင့် ဒုတိယနေရာ၌ ရပ်တည်နေပြီး ပြင်သစ်အားကစားအဖွဲ့က ရွှေ ခြောက်ဆု၊ ငွေ နှစ်ဆုနှင့် ကြေး လေးဆုတို့ ဆွတ်ခူးထားကာ တတိယနေရာ၌ ရပ်တည်နေသည်။ ဥရောပပြေးခုန်ပစ်ပြိုင်ပွဲသို့ ဥရောပနိုင်ငံပေါင်း ၁၉နိုင်ငံမှ အားကစားမောင်မယ်များ အကြိတ်အနယ် ပါဝင်ဆင်နွှဲလျက်ရှိရာ အောင်ပွဲရ အားကစားမောင်မယ်အချို့အား ဖော်ပြရပါလျှင်-



ခရစ်စတိုဖီလီမီထရီ(အမျိုးသား မီတာ ၂၀၀)

ပြင်သစ်နိုင်ငံ ကိုယ်စားပြု အပြေးအားကစားသမားဖြစ်သည်။ အမျိုးသား မီတာ၂၀၀ အလွတ်တန်းအပြေးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲ၌ ၂၀ဒသမ၃၇စက္ကန့်ဖြင့် ပထမရပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဗြိတိန်မှ မဲလ်ကွန်က ၂၀ဒသမ၃၈ စက္ကန့်ဖြင့် ဒုတိယရရှိပြီး ပြင်သစ်မှ အမ်ဘန်ဂျတ်က ၂၀ဒသမ ၄၂စက္ကန့်ဖြင့် တတိယ ရရှိခဲ့သည်။



အာတူရိုကာဆာဒို (အမျိုးသား မီတာ ၁၅၀၀)

စပိန်အပြေးအားကစားသမားဖြစ်သည်။ အကြိမ်(၂၀)မြောက် ဥရောပ ပြေးခုန်ပစ်ပြိုင်ပွဲ၌ အမျိုးသား မီတာ ၁၅၀၀ အလွတ်တန်း အပြေးပြိုင်ပွဲတွင် အာတူရို ကာဆာဒိုက ၃မိနစ် ၄၂ ဒသမ ၇၄ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ဂျာမနီမှ ရှုလန်ဂန်က ၃ မိနစ် ၄၃ ဒသမ ၅၂ စက္ကန့်ဖြင့် ဒုတိယ၊ စပိန်မှအိုလ်မီဒိုက ၃ မိနစ် ၄၃ ဒသမ ၅၄ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။




အင်ဒီတူရာနာ (မီတာ ၁၁၀ တန်းကျော်)

ဗြိတိန်နိုင်ငံကိုယ်စားပြု တန်းကျော်အပြေးသမား ဖြစ်သည်။ အင်ဒီတူရာနာသည် အကြိမ်(၂၀)မြောက် ဥရောပ ပြေးခုန်ပစ် ပြိုင်ပွဲ၌ အမျိုးသားမီတာ ၁၁၀ တန်းကျော်ပြေးပွဲတွင် ၁၃ ဒသမ ၂၈ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ပြင်သစ်မှ ဂါဖီးလ်ဒါရင်က ဒုတိယ၊ ဟန်ဂေရီမှ ဒင်နီရယ်ကစ်က တတိယ ရရှိခဲ့သည်။




ယိုဟမ်းဒီနစ် (အမျိုးသား လမ်းလျှောက်)

ပြင်သစ်နိုင်ငံသား လမ်းလျှောက်အားကစားသမား ယိုဟမ်းဒီနစ်သည် အမျိုးသားကီလိုမီတာ ၅၀ လမ်းလျှောက် ပြိုင်ပွဲ၌ ၃ နာရီ ၄၀ မိနစ် ၃၇ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ပိုလန်နိုင်ငံသား ဆူဒိုလ်က ဒုတိယ၊ ရုရှားအားကစားသမား ဘာကူလင်က တတိယ ရရှိခဲ့သည်။



အလက်ဇန္ဒားရူစတော့ဗ် (အမြင့်ခုန်)

ရုရှားအမြင့်ခုန် အားကစားမယ်ဖြစ်သည်။ အကြိမ်(၂၀) မြောက် ဥရောပ ပြေးခုန်ပစ်ပြိုင်ပွဲ၌ ၂ဒသမ၃၃မီတာအမြင့်ကို ခုန်ကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ရုရှားမှ အိုင်ဗင်အူကော့ဗ်က ၂ဒသမ၃၁မီတာခုန်ပြီး ဒုတိယ၊ ဗြိတိန်မှ မာတင်ဘာနတ်က ၂ဒသမ၂၉မီတာ ခုန်ပြီး တတိယရရှိခဲ့သည်။



လင်ဒါစတယ်လ်(လှံတံပစ်)

ဂျာမနီလှံတံပစ်မယ်ဖြစ်သည်။အကြိမ်(၂၀)မြောက်ဥရောပ ပြေးခုန်ပစ်ပြိုင်ပွဲ၌ လင်ဒါစတယ်လ်ကအမျိုးသမီးလှံတံပစ်ပြိုင်ပွဲတွင် ၆၆ ဒသမ၈၁မီတာ အကွာအဝေးအထိ ပစ်နိုင်ပြီး ဗိုလ်စွဲခဲ့သည်။ ဂျာမနီမှ အိုဘတ်ဖောက၆၅ဒသမ၅၈မီတာဖြင့် ဒုတိယ၊ ချက်သမ္မတ နိုင်ငံမှစပိုတာကိုဗာက ၆၅ဒသမ၃၆မီတာဖြင့် တတိယရရှိခဲ့သည်။



တာယာနာဖီရိုဗာ (အမျိုးသမီး မီတာ ၄၀၀)

ရုရှားအပြေးမယ်ဖြစ်သည်။ တာယာနာဖီရိုဗာသည် အကြိမ် (၂၀)မြောက် ဥရောပပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးမီတာ ၄၀၀ အပြေးပြိုင်ပွဲ၌ ၄၉ဒသမ ၈၉စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ ဒုတိယ ရရှိသူမှာလည်း ရုရှားအပြေးမယ် အူစတာလိုဗာ ဖြစ်ပြီး တတိယရရှိ သူမှာလည်း ရုရှားအပြေးမယ် ကရီဗိုရှာကာဖြစ်သည်။



မာရီယာဆာဗီနိုဗာ(အမျိုးသမီး မီတာ ၈၀၀)

ရုရှားအပြေးမယ်ဖြစ်သည်။ မာရီယာဆာဗီနိုဗာသည် အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲ၌ ၁၅၈ဒသမ၂၂စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ နယ်သာလန် အပြေးမယ် ဗိုနီဟက်က ဒုတိယ၊ ဗြိတိန်မှ မီရာဒေါက တတိယ ရရှိခဲ့သည်။

(အင်တာနက်)

## ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

### စတန်းဖို့ဒ်တင်းနစ်ပြိုင်ပွဲ၌ အဇာရင်ကာ ဗိုလ်လုပွဲတက်

*အမေရိကန်နိုင်ငံ စတန်းဖို့ဒ်မြို့တွင် ကျင်းပသော စတန်းဖို့ဒ်တင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်တွင် တင်းနစ်မယ် ဗစ်တိုရီးယား အဇာရင်ကာသည် ပြိုင်ဘက်ဆမ်စတိုဆာအား ၆-၂၊ ၆-၃ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။*

### လော့စ်အိန်ဂျလိစ်တင်းနစ်ပြိုင်ပွဲ၌ မာရေး အကြိုဗိုလ်လုပွဲတက်

*အမေရိကန်နိုင်ငံ လော့အိန်ဂျလိစ်မြို့၌ ကျင်းပသော ဖားမားစ်ကလပ်စစ် တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဗြိတိသျှအဆင့်(၁) တင်းနစ်သမား အန်ဒီမာရေးသည် ပြိုင်ဘက် စကော့တလန်တင်းနစ်သမား အလီဂျန်ဒရိုမယ်လာအား ၇-၆၊ (၇-၃)၊ ၆-၁ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။*

### ဟက်ပ်တာသလွန်ပြိုင်ပွဲ၌ အင်းနစ်ရွှေဆွတ်ခူး

*ဥရောပချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အားကစားနည်း ခုနစ်မျိုးယှဉ်ပြိုင်ရသည်။ ဟက်ပ်တာသလွန်ပြိုင်ပွဲ၏ နောက်ဆုံး ပြိုင်ပွဲဖြစ်သော မီတာ ၈၀၀အပြေးပြိုင်ပွဲ၌ ဗြိတိသျှပြေးခုန်ပစ်မယ် ဂျက်ဆီကာအင်းနစ်သည် ၎င်း၏နောက်မှ ကပ်လိုက်နေသော ပြိုင်ဘက် နာတာလီယာဒိုဘရိုင်စကာအား ဖြတ်ထားခဲ့ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။*

### ဝက်စ်ဟမ်းနှင့်မဆက်သွယ်ဟု ဘက်ခမ်းပြောကြား

*မေဂျာလိဂ်အသင်း လော့အိန်ဂျလိစ်ဂလက်ဆီမှ အင်္ဂလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမားဟောင်း ဘက်ခမ်းက ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရေးအတွက် ဝက်စ်ဟမ်းအသင်းနှင့် ဆက်သွယ်နေသည်ဟူသောသတင်းကို ငြင်းပယ်လိုက်ပြီး ဝက်စ်ဟမ်းအသင်းကလည်း ၎င်းအားဆက်သွယ်မှုမရှိကြောင်း ပြောကြားခဲ့သည်။ ။* **(အင်တာနက်)**

## တင်းနစ်မယ်ဂျန်ကိုဗစ် ကောက်ကြောင်း

အာကာဟိန်း-ရေးသားသည်

ဘဲလ်ဂရိတ် ဩဂုတ် ၂



**မွေးရပ်** - တင်းနစ်မယ်ဂျီလီနာဂျန်ကိုဗစ်ကို ဆားဗီးယားနိုင်ငံ ဘဲလ်ဂရိတ်မြို့၌ ၁၉၈၅ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်၌ မွေးဖွားသည်။ လက်ရှိ၌ အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဘရာဒန်တန်မြို့၌ နေထိုင်သည်။ အပျိုဖြစ်သည်။

**မိဘ** - ဖခင်အမည်မှာ ဗီဆီလင်နှင့် မိခင်မှာစနီဇာနာ ဖြစ်သည်။ အစ်ကိုနှစ်ဦးမှာ မာကိုနှင့် စတီဖန်တို့ဖြစ်သည်။

**တင်းနစ်ကစားမှု** - အသက်ကိုးနှစ် အရွယ်မှစတင်ကာ တင်းနစ်ကစားခဲ့သည်။ အစ်ကိုဖြစ်သူမာကိုက တင်းနစ်ကစားနည်း သင်ပြပေးခဲ့သည်။ တင်းနစ်ကစားခြင်းကို တစိုက်မတ်မတ် လေ့ကျင့်ကစားပြီး ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

**ကမ္ဘာ့အဆင့်ဖြတ်သန်းမှု** - ၂၀၀၁ခုနှစ်က ကမ္ဘာ့အဆင့် ၃၆၁၊၂၀၀၂ခုနှစ်၌ အဆင့် ၁၉၄၊ ၂၀၀၃ခုနှစ်၌ အဆင့် ၈၅၊ ၂၀၀၄ ခုနှစ်၌ အဆင့် ၂၈၊၂၀၀၅ခုနှစ်၌ အဆင့် ၂၂၊ ၂၀၀၆ခုနှစ်၌ အဆင့် ၁၂၊၂၀၀၇ခုနှစ်၌ အဆင့် ၃၊ ၂၀၀၈ ခုနှစ်၌ အဆင့် ၁နှင့် ၂၀၀၉ ခုနှစ်၌ အဆင့် ၉ တို့ ဖြစ်သည်။

**ဆုရရှိမှုမှတ်တမ်း** - တစ်ဦးချင်း ဒဗလျူတီအေတိုးဆု ၁၁ ကြိမ်၊ နှစ်ယောက်တွဲ ဒဗလျူတီအေတိုးဆု တစ်ကြိမ်၊ တစ်ဦးချင်း အိုင်တီအက်ဖ်ဆု တစ်ကြိမ်၊ ဆားဗီးယားဖက်ဒရေးရှင်းဖလား နှစ်ကြိမ်၊၂၀၀၆ခုနှစ် အတိုးတက်ဆုံးတင်းနစ်ကစားသမားဆု၊ ၂၀၀၄ ခုနှစ် ဆားဗီးယားအကောင်းဆုံး တင်းနစ်သမားဆု၊ ၂၀၀၁ခုနှစ် ဩစတြေးလျ အိုးပင်းနှင့် ၂၀၀၁ ခုနှစ် ယူအက်စ်အိုးပင်းတို့၌ ဒုတိယဆု၊ ၂၀၀၇ ခုနှစ် ဝင်ဘယ်ဒန် နှစ်ယောက်တွဲ ပထမဆု။

**ဆုကြေးငွေ** - စုစုပေါင်း ဆုကြေးငွေ အမေရိကန်ဒေါ်လာ ၉၄၃၆၉၄၉ ရရှိထားသည်။

**နည်းပြ** - မရှိ။

**နှစ်ခြိုက်သည့်မြို့** - ဂရိနိုင်ငံ ရောမမြို့။ သမိုင်းအမွေအနှစ်များ ပေါများခြင်းကြောင့် ဖြစ်သည်။

**အခြားတာဝန်** - ဆားဗီးယားနိုင်ငံ ပညာရေးနှင့်အားကစားဆိုင်ရာ ကူညီဆောင်ရွက်မှုသံတမန်။ ။

(အင်တာနက်)



## တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ကိုယ်ဝန်ဆောင်သံဓာတ်အားဆေး အုတ်တွင်း၌ပေးဝေ

**အုတ်တွင်း ဇူလိုင် ၂၈**

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ဆယ်အိမ်စုမှူးများတွေ့ဆုံပွဲကို ဇွန် ၁၉ရက် မွန်းလွဲပိုင်းက အုတ်တွင်းမြို့ သီရိရတနာခန်းမ၌ကျင်းပရာ ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့်အဖွဲ့ဝင်များ၊ တောင်ငူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စန်းစန်းဦးနှင့်အဖွဲ့ဝင်များ၊ အုတ်တွင်းမြို့နယ် မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေ နှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ကိုယ်ဝန်ဆောင် မိခင်များနှင့်တွေ့ဆုံ၍ သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများဝေငှခဲ့ကြောင်း သိရသည်။ (၃၁၆)

## စာကြည့်တိုက် စံ(၅)ရပ်ညီရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လှိုင်သာယာ ဇူလိုင် ၃၀**

လှိုင်သာယာမြို့နယ် အမှတ်(၁၉)ရပ်ကွက် အလင်းရောင်စာကြည့်တိုက်တွင် စံ(၅)ရပ်နှင့်ညီသောစာကြည့်တိုက်ဖြစ်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်၂၇ရက်က အဆိုပါစာကြည့်တိုက်ခန်းမ၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးလှသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက စံ(၅)ရပ်နှင့်ညီသော စာကြည့်တိုက် ဖြစ်ရေးဆွေးနွေးခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

## သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်

**နမ့်ဆန် ဇူလိုင် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့နယ်ရှိ စာသင်ကျောင်းများတွင် ဇူလိုင် ၇ရက် နံနက် ၉နာရီက သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ခြင်ဆေးဖျန်းခြင်း၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဆောင်ရွက်ကြသည်။ အဆိုပါ ကာကွယ်ရေးလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

## ကျေးရွာပိုင် သစ်တောစိုက်ခင်းများ ဗန်းမော်၌ လွှဲပြောင်းပေးအပ်

**ဗန်းမော် ဇူလိုင် ၂၉**

ဗန်းမော်မြို့နယ်တွင် ၂၀၀၉ ခုနှစ် မိုးရာသီက တည်ထောင်စိုက်ပျိုးသော ကျေးလက်အိမ်ရာထူထောင်ရေး၊ ကျေးရွာပိုင်သစ်တောစိုက်ခင်းများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၁၁နာရီက မြစေတီကျေးရွာ၊ သဖန်းပင်ကျေးရွာ၊ စင်းခန်းကျေးရွာများ၌ ကျင်းပရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမိုးလွင်က ကျေးလက်အိမ်ရာထူထောင်ရေး စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌများသို့ ယူကလစ်သစ်မာ တစ်ဧကစိုက်ခင်းများကို စာချုပ်မှတ်တမ်းနှင့်တကွ လွှဲပြောင်းပေးအပ်ခဲ့သည်။

**စိုက်ပျိုးခဲ့**

၂၀၁၀ခုနှစ် မိုးရာသီတွင် ဗန်းမော်မြို့နယ် ကျေးရွာများ၌ တစ်အိမ်ထောင် ကျွန်းသုံးပင်၊ သစ်မာယူကလစ် အပင်၂၀၊ လူတစ်ဦးကျွန်း တစ်ပင်၊ သစ်မာ ယူကလစ် တစ်ရွာတစ်ဧက ဖြင့် စုစုပေါင်း ကျွန်းနှင့် ယူကလစ်ပင် ၃၅၇၇၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး လုပ်ငန်းဆိုင်ရာများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**လင်းခေး ဇူလိုင် ၃၀**

လင်းခေးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်သည် ဇူလိုင် ၂၄ရက်က မောက်မယ်မြို့နယ်သို့ ရောက်ရှိခဲ့ပြီး မောက်မယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် စခန်းရှိ ရဲတပ်ဖွဲ့ဝင်မိသားစု အရာရှိ စစ်သည်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူးသည် မောက်မယ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် စခန်းတို့မှ ရဲလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက် ထားရှိမှုအခြေအနေများကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## မြို့နယ်သတင်း ထွေထွေ



**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၏ လျှပ်စစ်ဝိုင်ယာကြိုးများ သွယ်တန်းထားရှိမှုနှင့် ပြုပြင်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဇူလိုင်၅ရက်က မြို့နယ်လျှပ်စစ်ဦးစီးဌာနနှင့်ပူးပေါင်း၍ ဦးစီးအရာရှိ ဒေါ်ရီရီဦး၊ လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမင်းသန့်နှင့် ဒုတိယဦးစီးမှူး(ဈေး)ဦးဆန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ငွေစုငွေချေးသမဝါယမအသင်း သင်းလုံးကျွတ် အစည်းအဝေးကျင်းပ

**ရန်ကုန် ဩဂုတ် ၂**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာ ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ဇူလိုင် ၁၈ရက်က မုဒုံမြို့နယ် စာစင်အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ မြတ်ပညာငွေစုငွေချေး သမဝါယမ အသင်းလီမိတက် အတွင်းရေးမှူး စာစင်အခြေခံပညာမူလတန်းကျောင်းအုပ်ကြီး ဦးမင်းသောင်းဟန်က အမှာစကား ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးငွေသိန်းက သမဝါယမ ငွေစုငွေချေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

**ခွဲဝေပေးအပ်**

ယင်းနောက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ အမြတ်ခွဲမှုနှင့်ငွေစာရင်းရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းကြပြီး အသင်းဝင် ၄၄၀တို့အား စုဆောင်းငွေအပေါ် အမြတ်ငွေများကို ခွဲဝေပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့်အဖွဲ့ ဇူလိုင်၂၈ရက်က တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဝင်းအတွင်းရှိ အဖွဲ့ပိုင်ယာဉ်၊ စက်ယန္တရားများကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်သူနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းလောဝ်ခမ်းတို့ ရှင်းလင်းတင်ပြစဉ်။** (၀၁၆)

## မြန်မာ့အလင်း စာတည်းထံပေးစာများ

### စိုက်ပျိုးရေးဆေးဆိုင်မှဆေးနံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်း ချောင်းဦးမြို့ စည်ပင်သာယာဈေး အရှေ့ဘက်တိုက်တန်းရှိ ဆိုင်ခန်းတစ်ခန်းတွင် ရောင်းချလျက်ရှိသော စိုက်ပျိုးရေးဆေးဆိုင်မှ ပိုးသတ်ဆေး၊ မှိုသတ်ဆေးအနံ့ဆိုးများကို ရှူရှိုက်နေရ၍ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက် ရသည့်အပြင် စားသောက်ကုန်ရောင်းချသောဆိုင်များနှင့် ဆိုင်ချင်းကပ်လျက်ရှိပါသောကြောင့် အဆိုပါ စိုက်ပျိုးရေးဆေးဆိုင်ကို သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ချောင်းဦးသား**

### ဆိုင်ကယ်ပြုပြင်လုပ်ငန်း ရပ်ကွက်အတွင်းမှ ပြောင်းရွှေ့ပေးစေချင်

**စာတည်းခင်ဗျား-**

ကျောက်ပန်းတောင်းမြို့ လွတ်လပ်ရေးရပ်ကွက် အထက(၁) ကျောင်းမြောက်ဘက်ရှိ ဆိုင်ကယ်ပြုပြင်ရေး လုပ်ငန်းမှ အင်ဂျင်စက် ပြုပြင်သည့် စက်သံအမျိုးမျိုးကြောင့် အနီးဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် ရပ်ကွက်အတွင်းမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံနိုင်သူ**

### ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈၈)ရပ်ကွက်ရှိ ငွေဇင်ယော်လမ်းပေါ်တွင် အခိုင်အမာဆောက်လုပ်နေထိုင်လျက်ရှိသော ကျူးကျော်ဆိုင်ခန်းများသည် လူအများသွားလာရာလမ်းပေါ်တွင် နေ့ရောညပါ ခင်းကျင်းရောင်းချလျက်ရှိရာ ကျူးကျော်ဈေးဆိုင်ခန်းများအောက်တွင် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများရှိပါသဖြင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသောကြောင့် ၎င်းကျူးကျော်ဆိုင်ခန်းများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားများ**

### စည်းကမ်းမဲ့ လက်ဖက်ရည်ဆိုင်များ ကြပ်မတ်ပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၆)ရပ်ကွက် အောင်ဇေယျအိမ်ရာ ရတနာပုံလမ်းပေါ်ရှိ ဘေးချင်းယှဉ်လျက်ဖွင့်ထားသော လက်ဖက်ရည်ဆိုင်နှစ်ဆိုင်သည် နံနက် ၅နာရီခွဲခန့်မှစတင်ကာ အချင်းချင်း ပြိုင်ဆိုင်လျက် အသံချဲ့စက်များဖြင့် တေးသီချင်းများ၊ ဗွီစီဒီဇာတ်လမ်းခွေများကို ဆူညံကျယ်လောင်စွာ ဖွင့်လျက်ရှိသည့်အပြင် ၎င်းဆိုင်များမှ မုန့်ကြော်ညှော်နံ့များကြောင့် အပေါ်ထပ် အခန်းနေသူများနှင့် ပတ်ဝန်းကျင်ရှိ နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် အဆိုပါ ဆိုင်နှစ်ဆိုင်ကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**တောင်ဒဂုံသား**

### ညှော်နံ့နှင့် ရေဆိုးများကြောင့် ကျန်းမာရေးထိခိုက်ရ

**စာတည်းခင်ဗျား-**

စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် အနောက်ရွှေကျင်ကျေးရွာအုပ်စု ရွှေကျင်ဈေးတန်းတွင်ရှိသော စပါးခွဲသုံး ငါးပုံဆန်စက်မှ ထွက်ရှိလာသော ညှော်နံ့ဆိုးများကို နေ့စဉ် ရှူရှိုက်ရသည့်အပြင် ရေဆိုးများကို ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများအတွင်းသို့ စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ရပ်ကွက်နေပြည်သူများ ကူးစက်ရောဂါများဖြစ်ပွားပြီး ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ညှော်နံ့မခံနိုင်သူများ**

### သံရည်ကျိုစက်မှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

မန္တလေးမြို့ စက်မှုဇုန်(၁) ၅၁လမ်း H-224/2 ၏ တောင်ဘက်ကပ်လျက် သံရည်ကျိုစက်ရုံမှ သံတိုသံစပေါင်းစုံ ကျိုသောအခါ ထွက်ရှိသည့် အနံ့ဆိုးများအပြင် ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးမှိုင်းများ ပျံ့လွင့်နေသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်ရပါသဖြင့် ၎င်းသံရည်ကျိုစက်ရုံကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ဦးအာရောဂျံ**

### တောင်ငူမြို့ ဓာတုကလျာလမ်းပြုပြင်ပြီးစီး

၃၀-၁၁-၂၀၀၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တောင်ငူမြို့ (၁၁) ရပ်ကွက် ကန်တော်ကြီးကန်ပတ်လမ်းဖြစ်သည့် ဓာတုကလျာလမ်းသည် လူသွားလူလာနှင့် ယာဉ်အသွားအလာများသည့် လမ်းတစ်လမ်းဖြစ်ပြီး ချိုင့်ခွက်များဖြစ်ကာ ပျက်စီးနေသည်မှာ နှစ်နှင့်ချီ၍ကြာမြင့်နေပြီ ဖြစ်ပါသဖြင့် သက်ဆိုင်ရာမှ ပြုပြင်ပေးပါရန်** ပေးစာနှင့်ပတ်သက်၍ ပြုပြင်ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပလတ်စတစ်ညှော်နံ့ကြောင့် ကျန်းမာရေးထိခိုက်မှု ဆောင်ရွက်ပြီးစီး

၁၄-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မန္တလေးတိုင်း ပုသိမ်ကြီးမြို့ သီရိရတနာရပ်ကွက်အတွင်းရှိ ပလတ်စတစ်လုပ်ငန်းစက်ရုံမှ ထွက်ရှိသောပလတ်စတစ်ညှော်နံ့သည် ပတ်ဝန်းကျင်ရှိနေအိမ်များကို ညှော်နံ့မခံနိုင်အောင် ဖြစ်ကြရပြီး ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ သင့်လျော်ရာသို့ပြောင်းရွှေ့ပေးပါရန်**ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။**



# စပါးပျိုးထောင်နည်းစနစ်သရုပ်ပြပွဲ ဒီမော့ဆိုမြို့နယ် ငွေတောင်စိုက်ကွင်း၌ ကျင်းပ

ဒီမော့ဆို ဩဂုတ် ၁

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဇွန်လ ၂၈ရက်က ဒီမော့ဆိုမြို့နယ် ငွေတောင်စိုက်ကွင်းသို့ရောက်ရှိရာ ရှေးဦးစွာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက ပိုက်ဆန်ခါအသုံးပြု၍ ပျိုးထောင်ခြင်းနည်းစနစ်အဆင့်ဆင့်ကို လိုက်လံပြသသည်။

**လိုက်လံကြည့်ရှု**

ထို့နောက် ပြည်နယ်ဥက္ကဋ္ဌသည် မိုးစပါး ပျိုးနုတ်ရွှေ့ပြောင်းစိုက်ပျိုးနေမှုအခြေအနေများ၊ စပါးတိုက်ရိုက်အစေ့ချကိရိယာဖြင့် တိုက်ရိုက်အစေ့ချစိုက်ပျိုးပြသမှု အခြေအနေများ၊ စက်များဖြင့် ထွန်ယက်နေမှုအခြေအနေများ၊ ပိုက်ဆန်ခါဖြင့် ပျိုးထောင်ထားသည့် ရက် ၂၀သား စပါးပျိုးပင်များကို စိုက်ခင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးနေမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။ **(အပေါ်ပုံ)**

**(ပြည်နယ် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများ
## ချောင်းဆုံမြို့နယ်တွင် ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ချောင်းဆုံမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပမည့် ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်သူများနှင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ သိရှိလိုက်နာစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကို ဩဂုတ်လ ပထမပတ်မှစတင်၍ ချောင်းဆုံမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများနှင့် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများ၌ ဟောပြောပို့ချမည်ဖြစ်သည်။

**ကွင်းဆင်းဟောပြော**

အဆိုပါ ဟောပြောပွဲများကို ချောင်းဆုံမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်မျိုးသက်ကကြီးကြပ်ကာ ရပ်ကွက်သုံးရပ်ကွက်နှင့် ကျေးရွာ ၄၂ရွာတို့၌ ကွင်းဆင်းဟောပြောသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရမ်းဗြဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မရမ္မာဝတီဈေးရှေ့ ရေမြောင်းကို မိုးရာသီရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရာ ဇူလိုင် ၁၅ရက်က မြို့နယ် အမှုဆောင်အရာရှိ ဦးထွန်းခင် ကြီးကြပ်စဉ်။ (၁၇၄)



# မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်

ကောလင်း ဇူလိုင် ၃၀

ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ကျေးရွာအုပ်စုအလိုက် အသက် ၂၅နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲကို ဇူလိုင် ၁၅ရက် ညနေ ၄နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်က ပြိုင်ပွဲဝင် အားကစားသမားများအား အားပေးစကားပြောကြားပြီး ကွင်းဖွင့်ပွဲတွင် ယွန်းအိုးအသင်းနှင့် မြေနီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ယွန်းအိုးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(ဝ၃၂)

# မိုးရာသီရေစီးရေလာကောင်းရေး ရွှေတောင်မြို့၌ ရေမြောင်းများတူးဖော်

ရွှေတောင် ဇူလိုင် ၃၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ ကြိုတင်ကာကွယ်နိုင်ရန် မိုးရာသီရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက် မြို့နယ်ပြည်သူ့ဆေးရုံဝင်းရှေ့၌ ဇူလိုင် ၃ရက် နံနက် ၇ နာရီက ကျင်းပသည်။

**စုပေါင်းသန့်ရှင်း**

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဟန်ရှိန်နှင့် မြို့ပေါ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀ကျော်တို့ တက်ရောက်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**



ဖျာပုံခရိုင် ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့မ(၃) ရပ်ကွက် ဗိုလ်ဗထူးလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဇွန် ၂၉ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုး ကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

# ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး
## ပဲခူးမြို့၌ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပဲခူး ဇူလိုင် ၃၁

ပဲခူးမြို့နယ် ဒုတိယအကြိမ် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ထိန်းချုပ်ရေး စီမံချက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဇူလိုင် ၂၉ရက် နံနက် ၁၀နာရီကကျင်းပရာ ပဲခူးတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာရဲအောင်က အဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးဝင်းက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် သိသင့်သည်များကို ရှင်းလင်းပြောကြားပြီးနောက် ပဲခူးမြို့နယ် ဦးစီးအရာရှိ ဒေါက်တာခိုင်စပယ်မြင့်က လုပ်ငန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးပြီး တိရစ္ဆာန်ကျန်းမာရေးအကူ လုပ်သား ၁၂ဦး၏ ကွင်းဆင်းဆောင်ရွက်ချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**




တရားမပုံစံအမှတ်-၉၄

## ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၁၀ ခုနှစ် တရားမဇာရီမှုအမှတ်-၉၂

| | | |
|---|---|---|
| ဘဏ်ခွဲမန်နေဂျာ | နှင့် | ၁။ ဦးအောင်ဒင် |
| မြန်မာ့စီးပွားရေးဘဏ်(၂) | | ၂။ ဒေါ်ခင်ဝင်း |
| မန္တလေးမြို့။ | | မန္တလေးမြို့။ |
| **တရားနိုင်** | | **တရားရှုံးများ** |

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၆၆၆တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် စက်တင်ဘာ ၂၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် တော်သလင်းလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်ရှိ အကွက်အမှတ်(၂၅၁)ဦးပိုင်အမှတ် (၈/ဃ)၊ မြေကွက်အမှတ်(-)၊ မြေချိန်ဇရိယာ ဝဒသမဝ၁၁၅ဧကရှိ ဘိုးဘပိုင်မြေနှင့် ၄င်းမြေပေါ်ရှိ အကျယ်(၂၄×၂၀) ပေရှိ နှစ်ထပ်နံကပ်တိုက်၊ အုတ်ခင်း၊ သွပ်မိုးအဆောက်အအုံ။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၀၀။**

**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၀ခုနှစ် ဇူလိုင် ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြုံးပြုံးအေး
တွဲဖက်တိုင်းတရားသူကြီး(၃)
မန္တလေးတိုင်းတရားရုံး။



တရားမပုံစံအမှတ်-၇၄

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

စစ်ကိုင်းတိုင်းတရားရုံးတော်၌

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၆၃ နှင့်ဆက်သွယ်သည့်

၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၅

| | | |
|---|---|---|
| ဒေါ်မြတ်မြတ်စိုး | နှင့် | ၁။ ဦးမြင့်အောင် |
| | | ၂။ ဒေါ်စိန်စိန် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

၁။ ဦးမြင့်အောင် ၂။ ဒေါ်စိန်စိန် (အတူနေဇနီးမောင်နှံ) ရွှေဘိုရပ်ကွက်၊ ပုလဲမြို့နယ်၊ စစ်ကိုင်းတိုင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၆၃ (စစ်ကိုင်းတိုင်းတရားရုံး)တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၀ခုနှစ် ဩဂုတ် ၁၁ရက် (၁၃၇၂ခုနှစ် ဝါခေါင်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၀ခုနှစ် ဇူလိုင် ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်(တ/၂၅၉၂)
တွဲဖက်တိုင်းတရားသူကြီး
စစ်ကိုင်းတိုင်းတရားရုံး
မုံရွာမြို့။



FAME Echinacold®
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
For Acute Respiratory Tract Infection
GMP Certified



## မော်တော်ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၇၄၀၃ Toyota Cress 1D4 Rx 60 ယာဉ်လက်ဝယ်ရှိသူ မဟော်ရှုံချုန်ဒါရ်(ခ) ဦးခင်မောင်ဇော် ၉/မကန(နိုင်)၀၆၆၄၈၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)၊ စစ်ကိုင်းမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၆၇၈၃၇ Hensim 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ဝင်း ၉/မရတ(နိုင်)၀၆၁၇၃၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။**

## မော်တော်ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၂၀၀၇၈၉ ယာဉ်လက်ဝယ်ရှိသူ ဦးကျော်တင်ဦး ၉/မခန(နိုင်)၀၇၂၄၈၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (ခရိုင်ရုံး)၊ မြင်းခြံမြို့။**

## ဇနီးအဖြစ် မသက်ဆိုင်တော့ပါကြောင်း

ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဥယျာဉ်လမ်းနေ ဦးသောင်း၏သား ကျွန်တော် ဦးစိန်အောင် ၁၄/ကကန(နိုင်)၀၀၂၄၂၆၏ဇနီးဖြစ်သူ ဒေါ်ယဉ်ဌေး ၁၄/ကကန(နိုင်)၀၆၄၃၉၈ (အဖ)ဦးခင်စိန်၏သမီးသည် ကျွန်တော်၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန်နှင့် ခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုလုပ်ပြီး ၁၈-၇-၂၀၁၀ရက်တွင် နေအိမ်မှ မိမိ၏ဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်တော်၏ တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၄င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ (လုံး၀)တာဝန်မယူပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**စိန်အောင် ၁၄/ကကန(နိုင်)၀၀၂၄၂၆။**

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။



ဖောက်လုပ်ဆဲ ပျော်ဘွယ်-နတ်မောက်လမ်းပိုင်းတစ်နေရာကို ဤသို့ တွေ့ရသည်။

## ပဲခူးရိုးမကို ဖြတ်ကျော်ဖောက်လုပ်ထားသော

## ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြား-မကွေးလမ်းမကြီး

➤ သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း - ခင်မောင်သန်း(စက်မှု) ➤ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၂

နိုင်ငံတော်အစိုးရသည် ကားလမ်းနှင့် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ခြင်း၊ လမ်းဟောင်းများပြုပြင်ခြင်း၊ တိုးချဲ့ခြင်း၊ လမ်းများကွန်ရက်သဖွယ် ဆက်စပ်သွားလာနိုင်ရေးနှင့် နိုင်ငံတော်အတွင်း အရှေ့ အနောက်လမ်းများ၊ တောင် မြောက်လမ်းများ ပေါင်းဆုံ၍ နိုင်ငံတော်အဝန်း လမ်းခရီးဖြောင့်တန်းစွာ သွားလာနိုင်စေရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ *စာမျက်နှာ ၇ ကော်လံ ၃* ❐

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ရွေးကောက်ပွဲသည် မဲဆန္ဒရှင်ပြည်သူများက မိမိတို့အား ကိုယ်စားပြု၍ မိမိတို့နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တာဝန်များကို ထမ်းရွက်ကြမည့် ပြည်သူ့ကိုယ်စားလှယ်များအား ရွေးချယ်ကြခြင်းဖြစ်သဖြင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်မည့် နိုင်ငံတိုင်းတွင် အထူး အမွှန်အမြတ်ထားလေ့ရှိကြသည်။

ဥပဒေလေ့လာသူတစ်ဦး၏ ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီ

ဆောင်းပါး (စာ - ၈၊ ၉)